# MINISTRY OF Sports and Youth Affairs

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

# သတင်းလွှာ

Monthly Newsletter

Volume 1, No, 3, July 2022


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့်အခြေအနေများ ကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇူလိုင်လ(၂)ရက်။

နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းဟန်၊ ဦးမင်းသိန်းဇံ ၊ ဦးရွှေလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိအောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့် အခြေအနေများကို သွားရောက် ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်မျိုးသန့်နှင့် တာဝန်ရှိသူများက အားကစားဝင်းဆိုင်ရာ အချက်အလက်များနှင့်သမိုင်းအကျဉ်း၊ ၂၀၂၁ခုနှစ်အတွင်း နိုင်ငံတော် ဝန်ကြီးချုပ်လာရောက် စစ်ဆေးစဉ် လမ်းညွှန် မှာကြားချက်များအပေါ် လိုက်နာ ဆောင်ရွက်ပြီးစီးမှု ၊ အားကစားကွင်း အဆင့်မြှင့်တင်ရေးအတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အားကစားကွင်းအဆင့်မြှင့်တင်ရာတွင်အားကစားပရိသတ်များ၊ အားကစားကွင်း အတွင်းဝင်/ထွက်သွားလာမှု အဆင်ပြေစေရန်အတွက် Under Pass နှင့် Over Pass များ လျာထားဆောင်ရွက်ထားရှိမှု၊ ပရိသတ်(၃၀၀၀)ဆံ့ မိုးလုံလေလုံအားကစားရုံတည်ဆောက်ရန်လျာထားမှုအခြေအနေ၊ လျာထား အားကစားဝင်းပုံစံများကို powerpoint presentation များ၊ အထူးပြုလုပ်ချက် Video Clip များဖြင့် ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အောင်ဆန်းအားကစားပြိုင်ဝင်းကြီးသည် အမည်အရသော်လည်းကောင်း၊ အစဉ်အလာအရသော်လည်းကောင်း၊ သက်တမ်းအားဖြင့်သော်လည်းကောင်း၊ သမိုင်းရှိသည့်အားကစားကွင်းကြီးဖြစ်သကဲ့သို့ မြန်မာ့အားကစား အောင်မြင်မှုစတင်ခဲ့သည့်နေရာ တစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီး အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင် ဆောင်ရွက်၍ နောင်တွင် အိုလံပစ်အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည်အထိ ရည်ရွယ်တည်ဆောက်ရန်လိုကြောင်း၊ အဓိက အားကစားကွင်းကြီးအတွင်း

စာမျက်နှာ(၂)သို့






မျက်နှာဖုံးသတင်း ⋯မှ စာဆက်


အားကစားနည်း(၈)မျိုးကို နိုင်ငံတကာ အဆင့်မီ ယှဉ်ပြိုင်ကျင်းပပေးနိုင်ရေး စနစ်တကျထည့်သွင်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယာဉ်ရပ်နားရန်နေရာများနှင့် Public Area များ စနစ်တကျဖော်ဆောင်ပေးနိုင်ရန်လည်း တွက်ချက်စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်မှုများမရှိစေရေးနှင့် ရေရှည်တည်တံ့မှု ရှိစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာန အသီးသီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့ ပေါင်းစပ်ညှိနှိုင်းတိုင်ပင် ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အားကစားကွင်း ပုံစံငယ် ပြုလုပ်ထားရှိမှုကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် အောင်ဆန်းအားကစားပြိုင်ကွင်းအား မော်တော်ယာဉ်များဖြင့် လှည့်လည် ≫









ကြည့်ရှု စစ်ဆေး၍ မိုးလုံလေလုံ အားကစားရုံကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအောင်ဆန်းအားကစားပြိုင်ဝင်းအား ၁၉၀၆ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မူလအမည်မှာ BAA (Burma Athletic Association Ground ) ဖြစ်ကြောင်း၊ လူစည်ကားသော ပြည်တွင်းအားကစားပြိုင်ပွဲများ နှင့် နိုင်ငံတကာဆိုင်ရာ အားကစားပြိုင်ပွဲများအပြင် အထူးတလည် အမှတ်တရဖြစ်စေသော ပြပွဲဖြစ်သည့်ရေခဲပေါ်မှ အားလပ်ရက်နေ့ (Holiday on Ice )ခေါ် ရေခဲပြင်ပြပွဲကြီး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာ(၁၇)ရက်တွင် မူလအမည် BAA (Burma Athletic Association Ground) အမည်မှ အောင်ဆန်းအားကစားပြိုင်ဝင်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းအစဉ်အလာရှိသည့် အားကစားကွင်းကြီးဖြစ်သည့်အတွက် ယခင်ကကဲ့သို့ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများကို အဆင့်အတန်းမီစွာဖြင့် လက်ခံကျင်းပပြုလုပ်နိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ အားကစားပြိုင်ကွင်းကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ပြီး တည်ဆောက်ပြီးစီးပါက အဓိက အားကစားကွင်းကြီးတွင် ပရိသတ်ဦးရေ (၃)သောင်းကျော်ခန့် အထိနှင့် မိုးလုံလေလုံ အားကစားရုံမှာလည်း ပရိသတ် (၃၀၀၀)ဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

● နေပြည်တော်၊ ဇူလိုင်လ (၅)ရက်။

မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ် ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၉း၀၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C)ရုံ၌ ကျင်းပ ပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးချစ်နိုင်၊



ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးအောင်နိုင်ဦး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာ ဌေးအောင် နှင့်

စာမျက်နှာ(၄)သို့










စာမျက်နှာ(၃)- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ...မှ အဆက်

ဦးစောထွန်းအောင်မြင့်၊ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌ ဦးသန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ၊ ဌာနခွဲများမှ



ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်သူလူထုအားလုံး ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားလာစေရေး၊ ပြိုင်ပွဲဝင်အားကစားသမားများ အချင်းချင်း ချစ်ကြည် ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှုရရှိလာစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်အတွက် ပြည်နယ်နှင့်တိုင်း

>>>





# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော်၊ ဇူလိုင်လ(၂၀)ရက်။

အားကစား နှင့် လူငယ်ရေးရာ ဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ(၃)နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး နှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှအုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။







ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာ့ဘောလုံး အားကစားအဆင့်အတန်းကို တိုးတက်မြင့်မားလာစေရေးနှင့် သွေးသစ်လူငယ် ဘောလုံးသမားများ စဉ်ဆက်မပြတ်

စာမျက်နှာ(၆)သို့

---

>>>

ဒေသကြီးပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ပါကြောင်း၊ ပိုက်ကျော်ခြင်း အားကစားနည်းသည် ခြင်းလုံးနှင့်ပိုက်ရှိလျှင် အလွယ်တကူ ကစားနိုင်သည့် အားကစားနည်းဖြစ်သောကြောင့် မြန်မာ လူငယ်/လူရွယ် အများအပြား စိတ်ပါဝင်စားစွာဖြင့် ကစားကြသည့် အားကစားနည်းလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ "အဖိုးနည်းဝန်ပါ သင် ကျန်းမာဖို့ ပိုက်ကျော်ခြင်း ကစားကြစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးအတွက်သော်လည်းကောင်း၊ အားကစားအတွက်သော်လည်းကောင်း၊ လေ့ကျင့်ယှဉ်ပြိုင်ကစားနိုင်သည့် အားကစားနည်းတစ်ခုလည်းဖြစ်ပါကြောင်း၊ ပိုက်ကျော်ခြင်း အားကစားနည်းအနေဖြင့် နိုင်ငံတော်အတွက် အာရှနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ဆုတံဆိပ်များစွာကို ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး အစဉ်အလာကောင်းများရှိသည့် အားကစားနည်းလည်းဖြစ်ပါကြောင်း၊ အားကစားပြိုင်ပွဲများတွင် ဆက်လက်ပြီး အောင်မြင်မှုဆုတံဆိပ်များရရှိစေရန် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများက ဆတက်ထမ်းပိုး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် မိမိတို့ ကိုယ်စားပြု ယှဉ်ပြိုင်သည့် အသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီးအားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အနိုင်မခံအရှုံးမပေးဘဲ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အားဖြည့်တင်းနိုင်မည့်နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ ဖြစ်လာစေရေး ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော် စီမံ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး ပထမနေ့ပြိုင်ပွဲ သုံးယောက်တွဲအသင်းလိုက် (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ နေပြည်တော်ကောင်စီနယ်မြေအသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပါသည်။










စာမျက်နှာ(၅) ...မှစာဆက်

ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှဘောလုံးအားကစားသမားများ အချင်းချင်း သွေးစည်း ညီညွတ်မှု ရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရန်ရည်ရွယ်၍ ပြိုင်ပွဲကိုကျင်းပ ပေးရခြင်းဖြစ်ပါကြောင်း။

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် အရှေ့တောင်အာရှနှင့် အာရှဒေသနယ်ပယ်တွင် အောင်မြင်စွာ ရပ်တည်နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ လိုလားချက် ဖြစ်သကဲ့သို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ရပ်အဖြစ်လည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာဘောလုံးအသင်း အောင်မြင်မှု ရရှိနိုင်ရန် မြန်မာ့လက်ရွေးစင် လူငယ်များကို ကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံး ဖြည့်တင်း ပေးနိုင်မည့် ပြည်နယ်နှင့်တိုင်းဒေသကြီး လူငယ်ဘောလုံးပြိုင်ပွဲများကို မိမိတို့ဌာနအနေဖြင့် စဉ်ဆက်မပြတ် ကျင်းပပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ဘောလုံးအားကစား ပြန်လည် အောင်မြင်မှုရရှိရန် အရေးကြီးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အောင်နိုင်ရေးစီမံချက် ရေးဆွဲကာ အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်မှအားကစားကို ပံ့ပိုးဆောင်ရွက် ပေးလျက် ရှိသကဲ့သို့ အားကစားသမားများအနေဖြင့်လည်း နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံ့ဂုဏ်သိက္ခာကျစေမည့်ပြုမူ ဆောင်ရွက်မှုမျိုး မပြုလုပ်မိစေရန် အထူးမှာလိုပါကြောင်း။

ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝနှင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန်၊ ဒိုင်လူကြီးများကလည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်ကအားထားရမည့် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားကာ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများကအားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများ နှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ပွဲစဉ်အဖြစ် နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှု အားပေးကြသည်။ ■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)ရှိ အားကစားသမားများ၏ စခန်းဝင်လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ ဇူလိုင်လ (၆)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်(၈း၀၀)နာရီတွင် နေပြည်တော် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (Youth Camp) ၌ စခန်းဝင် လေ့ကျင့်လျက်ရှိသော မျိုးဆက်သစ် အားကစားသမားများ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ရှေးဦးစွာ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ပြေးခုန်ပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများအားလည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၂)၌ ဘောလုံး (အမျိုးသား/အမျိုးသမီး) အားကစားသမားများ၏ လေ့ကျင့်နေမှုများအားလည်းကောင်း၊ Training Hall (2)၌ လက်ဝှေ့အားကစားသမားများနှင့် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုများအားလည်းကောင်း၊ Training Hall (3) ၌ ဂျူဒိုအားကစားသမားများ၊ ကရာတေးဒိုအားကစားသမားများနှင့် 











တိုက်ကွမ်ဒို အားကစားသမားများ၏ လေ့ကျင့်နေမှုများအားလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် နည်းပြဆရာများ နှင့် တွေ့ဆုံ၍ အားကစားသမားများကို နည်းပြဆရာများခွဲ၍ လေ့ကျင့်သင်ကြား ပေးရန် လိုကြောင်း၊ လေ့ကျင့်မှုကာလအတွင်း မိမိအားကစားသမားများ၏ အရည်အချင်း၊ အားနည်းချက်/အားသာချက်များကို သုံးသပ်ရန် လိုကြောင်း၊ နည်းပြ

စာမျက်နှာ(၈)သို့












စာမျက်နှာ(၇)- အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ လူငယ်အားကစား ···မှ အဆက်

များသည် အရေးကြီးသည့်အတွက် နည်းပြကောင်းမှ တပည့်များ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအားကစားသမားများ၏ ဝါသနာ/ပင်ကိုယ်အရည်အသွေးကို ကြည့်ပြီး သင့်တော်မည့် အားကစားနည်းအမျိုးအစားများတွင် ပုံစံချပေးပြီး စနစ်တကျလေ့ကျင့် သင်ကြား၍ သွန်သင်ဆုံးမ ပဲ့ပြင်ပေးရန် လိုကြောင်း၊ သို့မှသာ အားကစားသမားများ၏ စံချိန်/စံညွှန်းများနှင့် အရည်အချင်းများ တိုးတက်လာမည် ဖြစ်ကြောင်း၊ စိတ်ပျော်ရွှင်ပြီး မငြီးငွေ့ဘဲ လေ့ကျင့်/ယှဉ်ပြိုင်ကစားချင်စိတ်များ ပြင်းထန်လာအောင် လေ့ကျင့်မှုပုံစံ ပြောင်း၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့် အားကစားနည်းအလိုက် လိုအပ်ချက်များရှိပါက တာဝန်ရှိသူများမှတစ်ဆင့် ပွင့်လင်း မှန်ကန်စွာ တင်ပြနိုင်ကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားအထောက်အကူပြုပစ္စည်းလိုအပ်ချက်များ၊ နည်းပြများ၏တင်ပြချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ စားရိပ်သာတွင် (Youth Camp) မှ အားကစားသမားများ၏ နေ့လယ်စာ စားသုံးနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးအားကစားသမားများအား အာဟာရနှင့် ညီညွတ်မျှတစွာ ချက်ပြုတ်ကျွေးမွေးရန်နှင့် နေထိုင်သွားလာစားသောက်မှုများတွင် စနစ်တကျ ကြီးကြပ် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များရရှိစေရန် ရည်ရွယ်၍ နေပြည်တော်၌ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp) အား ဖွင့်လှစ်၍ ပြေးခုန်ပစ်၊ ဘောလုံး၊ လက်ဝှေ့၊ အလေးမ၊ ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ မြားပစ်၊ ပိုက်ကျော်ခြင်း နှင့် ဘော်လီဘော အားကစားနည်းများတွင် အုပ်ချုပ်/နည်းပြ(၄၀)ဦး၊ အားကစားသမား (၂၀၉)ဦး၊ စုစုပေါင်း(၂၄၉)ဦးတို့အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှစ၍ စနစ်တကျ လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

# မြန်မာ့အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

ရန်ကုန်၊ ဇူလိုင်လ(၈)ရက်။

မြန်မာ့အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့်အစည်းအဝေးကိုယနေ့ နေ့လယ် (၂)နာရီတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏာတွင် ကျင်းပ ပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး အား မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များမှ အစည်းအဝေး တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးပြီးနောက် ပြည်ထောင်စုဝန်ကြီးမှ အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေဖြင့် စုံစုံ လင်လင် တက်ရောက်ပေးသည့် အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနတွင် စတင်တာဝန် ထမ်းဆောင်သည့်အချိန်က COVID-19 ကပ်ရောဂါ အခြေအနေကြောင့် အဖွဲ့ချုပ် အားလုံးကို တွေ့ဆုံရန် နေရာ အခက်အခဲရှိသည့်အတွက် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစား အဖွဲ့ချုပ်များနှင့်သာ ဦးစားပေး တွေ့ဆုံဆွေးနွေးခဲ့ရပြီး ယခုမှ ပထမဆုံးအကြိမ်အဖြစ် အဖွဲ့ချုပ်အားလုံးကို စုံစုံညီညီတွေ့ဆုံနိုင်ခြင်း ဖြစ်ပါကြောင်း၊

မြန်မာ့အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန တစ်ခုတည်း စွမ်းဆောင်၍ မဖြစ်နိုင်ကြောင်း၊

အဖွဲ့ချုပ်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် နောင်နှစ်ပေါင်းများစွာအထိ မိမိတို့၏အားကစားနည်း တိုးတက်အောင်မြင်အောင် ကြိုးစားအားထုတ်ဖို့ လိုအပ်ပါကြောင်း၊ အဖွဲ့ချုပ်များ၌ အတွေ့အကြုံရှိရှိဖြင့် ချင့်ချိန်လုပ်ကိုင်ဆောင်ရွက်နိုင်သောသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊

ပြီးခဲ့သည့်ကာလများကို ပြန်လည်သုံးသပ်ကြည့်ရာတွင် အဖွဲ့ချုပ်များနှင့်ဝန်ကြီးဌာန နှစ်ဖက်စလုံးမှာ အားနည်းချက်ရှိသည်ကို သုံးသပ်မိပါကြောင်း၊ ဝန်ကြီးဌာနနှင့်အားကစားအဖွဲ့ချုပ်တို့သည် လုပ်ဖော်ကိုင်ဖက်များသာဖြစ်ပါကြောင်း၊

စည်းလုံးခြင်းသည်အင်အားတစ်ခု (Unity is Strength) ဖြစ်သည့်အတွက် တစ်သွေးတည်း တစ်သားတည်း အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ဝန်ကြီးဌာနရဲ့ အားနည်းချက် မရှိအောင်၊ အဖွဲ့ချုပ်များနှင့် နွေးနွေးထွေးထွေး အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်အောင်၊ အချိန်နှင့်တပြေးညီ လက်တွေ့ လုပ်ဆောင်နိုင်အောင် မိမိဝန်ကြီးဌာနကိုလည်း မှာကြားထားပြီးဖြစ်ပါကြောင်း၊ အားကစားအဖွဲ့ချုပ်များမှလည်း အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက် ပေးစေလိုကြောင်း၊

စာမျက်နှာ(၁၀)သို့









စာမျက်နှာ(၉) •••မှ စာဆက်

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုမြင့်မြင့်မားမား မရရှိခဲ့သော်လည်း ယခင်ကထက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ပိုမိုရရှိခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲမတိုင်ခင် ကာလများ၌ အားကစားစခန်းများတွင် အားကစားသမားများ၊ နည်းပြများအား စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ် ကြံ့ခိုင်မှုပိုင်းဆိုင်ရာ နှင့် စားသောက်နေထိုင်ရေးစသည်တို့ကို လစ်ဟာမှု မရှိအောင် ချက်ချင်းအကဲခတ် ဆောင်ရွက်ပေးခဲ့သလို အားကစားသမားများအား နိုင်ငံနှင့်လူမျိုးအတွက် သွားရောက် ယှဉ်ပြိုင်ခြင်းဖြစ်သည့်အတွက် အနိုင်/အရှုံးထက် ကစားသမားတိုင်း နောက်ဆုံးစက္ကန့်အထိ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ရေကုန်ရေခမ်း ယှဉ်ပြိုင်ရဲတဲ့ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့သတ္တိကို ပြသရန် လိုသည်ဟု မိဘသဖွယ် အနီးကပ်ကြီးကြပ်၍ စိတ်ဓာတ်မြှင့်တင်ပေးပြီး ယှဉ်ပြိုင်စေခဲ့သည့်အတွက် ထိုက်သင့်သော ရလဒ်ကောင်းများ ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊

လာမည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံဖြစ်သည့်အတွက် "အိမ်ရှင်" ဟူသော အားသာချက်ကို ရယူ၍ နိုင်ငံအလိုက်ရပ်တည်မှု၌ အဆင့်(၄)(၅) လောက် ရယူနိုင်ကြောင်း၊

ဒါကြောင့် မိမိတို့အနေဖြင့် လာမည့် (၃၂)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ၌ နံပါတ်(၁)အနေဖြင့် နိုင်ငံအလိုက် အဆင့်မကျအောင် ကြိုးစားရန်၊ နံပါတ်(၂)အနေဖြင့် ယခုရရှိခဲ့သည့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရလဒ်များထက် (၂)ဆ ပိုမိုရရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတိုင်း၌ ပြေးခုန်ပစ်အားကစားနည်းနှင့် ရေကူးအားကစားနည်းများတွင် ရွှေတံဆိပ်ဆု (၄၀)နှင့်အထက် ချိုးမြှင့်ခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ထိုအားကစားနည်း(၂)မျိုးကို ဝင်ရောက်ယှဉ်ပြိုင်မှု အားနည်းပါက မပြိုင်ခင်ကပင်ရွှေတံဆိပ်ဆု(၈၀)ကျော် ရှုံးနေပြီဟု သုံးသပ်မိပါကြောင်း၊

နိုင်ငံတော်အကြီးအကဲများ၏ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရေးအတွက် လမ်းညွှန်ချက်နှင့်အညီ နေပြည်တော် Youth Camp တွင် အားကစားသမား(၁၅၀)ဦးခန့် စတင်စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အားကစားသမားကောင်းရရှိဖို့အတွက် မဖြစ်မနေ ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊

ဝန်ကြီးဌာန၊ အားကစားအဖွဲ့ချုပ်များ၊ အားကစားသမား၊ နည်းပြများသည် (၄)ဦး(၄)ဖက် ဒေါက်တိုင်သဖွယ် ကြိုးစားဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊

အားကစားဖြင့်နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် စည်းလုံးညီညွတ်မှုသည် အင်အားတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ပံ့ပိုးမှုအပြင် အဖွဲ့ချုပ်များ၏ ပံ့ပိုးမှု ပူးပေါင်းလိုက်ပါက အားကစားသမားများ ပို၍ စိတ်ဓာတ်မြင့်မားပြီး အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဖွဲ့ချုပ်များ၏ ပူးပေါင်းလုပ်ဆောင်မှု၊ လှုပ်ရှားမှုများတွင် လူအင်အား၊ ငွေအား၊ အချိန်ပေး၍ လုပ်ဆောင်ပေးမှုများကိုနားလည်ပါကြောင်း၊ ရေရှည်တည်တံ့ ခိုင်မြဲအောင် ထိန်းသိမ်းရသည်မှာ ခက်ခဲပါကြောင်း၊ တတ်စွမ်းသ၍ ထိန်းသိမ်းစောင့်ရှောက် အောင်မြင်အောင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ အဖွဲ့ချုပ်များ၏ လုပ်ဆောင်နေမှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အချိန်မရွေး အစွမ်းကုန်ဖြည့်ဆည်းပေးဖို့ အဆင့်သင့်ရှိပါကြောင်း၊ သို့ပါသော်လည်း လုပ်ဆောင်မှုတိုင်းတွင် ရူပဗေဒသဘောအရ "အရွေ့"ရှိဖို့ လိုအပ်ပါကြောင်း၊ ထိုသို့"အရွေ့"ရှိဖို့ လုပ်ဆောင်









# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၁)ကြိမ်မြောက်အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား သွားရောက်ကြည့်ရှုအားပေးခြင်းနှင့် မြန်မာ့ရိုးရာလက်ဝှေ့သမားများအား တွေ့ဆုံအမှာစကား ပြောကြား

ရန်ကုန်၊ ဇူလိုင်လ(၉)ရက်။

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး



အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ယနေ့ နံနက်(၇)နာရီအချိန်က ဒဂုံမြို့သစ် မြောက်ပိုင်းရှိ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်သို့ရောက်ရှိရာ ရှေးဦးစွာ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က အဖွဲ့ချုပ် ၏လက်ရှိ ဆောင်ရွက်ထားရှိမှု အခြေ အနေ မျိုးဆက်သစ် အားကစားသမား များ ရှာဖွေဖော်ထုတ်နေမှုများနှင့် ဇူလိုင်လ(၃၀)ရက်နေ့မှ ဩဂုတ်လ(၆) ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဆိုလို မြို့တွင် ကျင်းပပြုလုပ်မည့် (၁၁)ကြိမ် မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင် ရွက်ထားမှု အခြေအနေများအား ရှင်း လင်းတင်ပြခဲ့ရာ အားကစားနှင့်လူငယ်





ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံက အားကစား သမားများ အခက်အခဲ မဖြစ်စေရန် အတွက် ဇူလိုင်လ(၂၆)ရက်နေ့ မြန်မာ့ လေကြောင်းစင်းလုံးငှားလေယာဉ်ဖြင့် သွားရောက်နိုင်အောင် မြန်မာ့လေ ကြောင်းလိုင်းဖြင့်ညှိနှိုင်းထားပါကြောင်း၊ ဆေးအဖွဲ့အင်အား များများပါစေရန် လိုအပ်ပါကြောင်း၊ ပြိုင်ပွဲတွင် နိုင်ငံ့ ဂုဏ်ဆောင်နိုင်ခဲ့သော အားကစား သမားများအား ဂုဏ်ပြုဆုချီးမြှင့်ရန် အတွက် စီစဉ် ထားပါကြောင်း၊ အား ကစား အောင်မြင် တိုးတက်ရန် အတွက် အဖွဲ့ချုပ်နှင့်ဝန်ကြီးဌာနတို့ အတူတကွပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခု သွားရောက် ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ လိုအပ်ချက်များ၊ သွားရောက်ယှဉ်ပြိုင် မည့်ကိစ္စရပ်များ၊ ပြန်လည်ရောက်ရှိ မည့်ကိစ္စရပ်များကိုရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးစိုးသိန်းအား

စာမျက်နှာ(၁၂)သို့

ရာတွင် အခက်အခဲရှိပါက ရင်းနှီး ပွင့်လင်းစွာ တင်ပြလာလျှင် ပြောင်းလဲ ရန်လိုအပ်ပါက ပြောင်းလဲဖွဲ့စည်း ပေး သွားမည်ဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အနေဖြင့် တချို့သောအဖွဲ့ချုပ်များ၌ သက်ဆိုင်ရာနိုင်ငံတကာအဖွဲ့ချုပ်များ၏ ပံ့ပိုးမှုများရရှိသည်ကို သိရှိပါကြောင်း၊ ထိုသို့ရရှိသော ရန်ပုံငွေများကို စနစ် တကျသုံးစွဲဖို့ လိုအပ်သည်ကို အသိ ပေးလိုပါကြောင်း၊

အားကစားကို မည်သည့် အရောင်မျှ မဆိုးဘဲ အဖြူထည် သက်သက်ဖြင့် မိမိနိုင်ငံနှင့်လူမျိုး အတွက် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး တစ်ခုတည်းကိုသာ အာရုံစိုက် လုပ် ဆောင်နိုင်ရေးကို ဦးတည် ဆောင်ရွက် ကြစေလိုကြောင်း ပြောကြား၍ အခမ်း အနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်း ရရှိသည်။ ■

စာမျက်နှာ(၁၁)- အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၁)ကြိမ်မြောက် ...မှ အဆက်

အဖွဲ့ချုပ်မှ ကြိုတင် တင်ပြထားရှိရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးချုပ်မှလည်း ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသွားပါသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်များသည် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာတွင် ယူဆောင်သွားမည့် အားကစားအထောက်အကူပြု ပစ္စည်းများအား ကြည့်ရှု စစ်ဆေးပြီး ဝန်ကြီးချုပ်မှ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ ငွေကျပ်(၁၅)သိန်းအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား သွားရောက် တွေ့ဆုံအမှာစကား ပြောကြားရာတွင် အားကစား အောင်မြင်တိုးတက်ရန် တစ်ဦးချင်းစီတိုင်းတွင် အားကစားစိတ်ဓာတ်ရှိဖို့ လိုအပ်ပါကြောင်း၊ စုပေါင်းညီညွတ်ပြီး နိုင်ငံတော်၏ ဂုဏ်ကို ဆောင်နိုင်အောင်ကြိုးစားဆောင်ရွက်စေလိုပါကြောင်း၊ မသန်စွမ်းပေမယ့် သန်စွမ်းသည့် အားကစားသမားများနည်းတူ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအားကစားအတွက် ဇွဲ၊ လုံ့လ အပြည့်ဖြင့် နိုင်ငံတကာအလယ်တွင် မြန်မာဟုဂုဏ်ဆောင်နိုင်အောင်ကြိုးစားဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာရှိသည့်အတွက် လေးစားချီးကျူးပါကြောင်း၊ ယခု သွားရောက် ယှဉ်ပြိုင်မည့်ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်များ ဆွတ်ခူးရရှိနိုင်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်သွားစေ လိုပါကြောင်း၊ ပြီးခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်းဖြင့် နောက်ဆုံးအချိန်အထိ မလျှော့သော ဇွဲ၊ လုံ့လဖြင့် အားသွန်ခွန်စိုက် ကြိုးစား ဆောင်ရွက်မှုများကြောင့် အောင်မြင်မှုများ ရရှိခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရပြီးဖြစ်ပါကြောင်း၊ ပြိုင်ပွဲတွင် ပထမရရှိပြီး မြန်မာနိုင်ငံ၏အလံကို စင်မြင့်အထက်တွင် လွှင့်ထူနိုင်ရန်၊ အမိနိုင်ငံအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပြည့်စုံတဲ့လူတွေကဲ့သို့ စွမ်းဆောင်နိုင်သည်ကို ပြသစေလိုပါကြောင်း၊ အားကစား အောင်မြင်မှုများ ရရှိရန်အတွက် နိုင်ငံတော်မှလည်း ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား စင်းလုံးငှား လေယာဉ်ဖြင့် တိုက်ရိုက်သွားရောက်နိုင်အောင်လည်း ဆောင်ရွက်ပေးထားပါကြောင်း၊ အားကစားသမားများကလည်း မိမိတို့ယှဉ်ပြိုင်သည့် အားကစားပြိုင်ပွဲများတွင် နောက်ဆုံးစက္ကန့်အချိန်အထိ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဇွဲ၊ လုံ့လ အပြည့်ဖြင့် အားသွန်ခွန်စိုက် ကြိုးစား ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားခဲ့ပြီး အားကစားသမားတစ်ဦးချင်းစီအား လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားပြီးနောက် ထိုင်လျက် ဘော်လီဘော အားကစားသမားများ ယှဉ်ပြိုင် ကစားနေမှုအား ကြည့်ရှုအားပေးခဲ့ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ရုံသို့ ရောက်ရှိ၍ မြန်မာနိုင်ငံ ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးသိန်းအောင် နှင့် အဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နည်းပြ/ဒိုင်လူကြီးများနှင့် အားကစားသမားများအား တွေ့ဆုံရာတွင် ရိုးရာလက်ဝှေ့အားကစားသည် မြန်မာလူမျိုးတို့ရဲ့ ရိုးရာ အားကစားနည်း ဖြစ်သလို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ အားကိုး အားထားပြုရတဲ့ အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊









# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ထွက်ခွာ

ရန်ကုန်၊ ဇူလိုင်လ(၁၀)ရက်။

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် (၁၁-၇-၂၀၂၂)ရက်နေ့မှ (၁၃-၇-၂၀၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်းသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး (South East Asian Games Federation Council Meeting) သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံ နှင့်အတူ အဖွဲ့ဝင်(၅)ဦး လိုက်ပါလျက် နေ့လယ်(၁၁း၃၀)နာရီ အချိန်တွင် လေယာဉ်အမှတ် WE 302 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုင်းနိုင်ငံမှတစ်ဆင့်ကမ္ဘောဒီးယားနိုင်ငံ သို့ ထွက်ခွာသွားကြပြီး ပြည်ထောင်စု ဝန်ကြီး နှင့် အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့သည် SEAGF Council Meeting သို့ တက်ရောက်မှာ ဖြစ်ပြီး အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က SEAGF Sports and Rule Committee အစည်းအဝေးကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦးက SEAGF Medical အစည်းအဝေးကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြာက SEAGF Women and Sports Committee အစည်းအဝေးကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်က SEAGF Broadcast Committee အစည်းအဝေးသို့ လည်းကောင်း အသီးသီး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။





---

>> ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် အဖွဲ့ချုပ်တို့ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေး အရည်အချင်း ပြည့်စုံသည့် အားကစားသမားများကို ရွေးချယ်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ဂုဏ်ဆောင်နိုင်အောင် သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါကြောင်း၊

ရိုးရာလက်ဝှေ့အားကစားနည်းတူ အခြားအားကစားနည်းများကိုလည်း Camp သွင်းပြီး လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ရိုးရာလက်ဝှေ့အားကစားသမားများအနေဖြင့် နည်းပြဆရာ၏ သင်ကြားပေးမှုအပြင် ဖြတ်ထိုးဉာဏ်ရှိဖို့ လိုအပ်ပြီး ပြိုင်ဘက်၏ အားနည်းချက် အားသာချက်များကို သုံးသပ်တတ်ဖို့ လိုကြောင်း၊ မိမိကိုယ်တိုင်လည်း သက်လုံကောင်း၍ ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိအောင် စည်းကမ်းတကျနေထိုင်စားသောက်ဖို့လိုအပ်ပါကြောင်း၊ တိုးတက်ပြောင်းလဲနေသော နည်းစနစ် နည်းဗျူဟာများကို စဉ်ဆက်မပြတ် လေ့လာ၍ မလျှော့သော ဇွဲ၊ လုံ့လဖြင့် မြန်မာ့လက်ဝှေ့ကို ကမ္ဘာကသိအောင် ကြိုးစားရန် အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

---



## မျိုးမာန်ဝင့်ကြွား သိုင်းစွမ်းအားဖြင့် ပြည်ရန်ခပင်း ဒို့ဖြိုခွင်းအံ့ စည်းလုံးဖော်ထုတ် ထိန်းသိမ်းလေ့ကျင့် လေ့ကျင့်ပြန့်ပွား သိုင်းအားကစား

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး (SEAGF) Council Meeting သို့ တက်ရောက်

● နေပြည်တော်၊ ဇူလိုင်လ(၁၅)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်(၄)ဦးတို့သည် (၁၁-၇-၂၀၂၂) ရက်နေ့မှ (၁၃-၇-၂၀၂၂)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ကျင်းပပြုလုပ်သည့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေး (SEAGF) Council Meeting သို့ တက်ရောက်ရန် (၁၀-၇-၂၀၂၂)ရက်နေ့ နံနက်(၁၁း၃၀)နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် (၁၇း၅၀)နာရီတွင် ရောက်ရှိခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၁၁-၇-၂၀၂၂)ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့ရှိ Sokha ဟိုတယ်၌ နံနက်(၈း၃၀)နာရီတွင် ကျင်းပပြုလုပ်သည့် (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံအဖွဲ့ဝင်(၁၁)နိုင်ငံမှ ကိုယ်စားလှယ်များကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် SAMDECH AKA MOHA SENA PADEI TECHO HUN SEN က ကြိုဆိုနှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် အာဆီယံအဖွဲ့ဝင်(၁၁)နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပပြုလုပ်မည့် အားကစားကွင်း/အားကစားရုံများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။










ညနေပိုင်းတွင် Sokha ဟိုတယ်၌ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌမှ တည်ခင်း ဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် အာဆီယံအဖွဲ့ဝင်(၁၁)နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ကြ

>>




အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး (SEAGF Executive Committee Meeting)သို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့တို့ တက်ရောက်ခဲ့ကြပါသည်။

(၁၃-၇-၂၀၂၂)ရက်နေ့၊ နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့ရှိ Sokha ဟိုတယ်၌ ကျင်းပပြုလုပ်သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်











ပါသည်။

(၁၂-၇-၂၀၂၂)ရက်နေ့၊ နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့ရှိ Sokha ဟိုတယ်၌ ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အားကစားနှင့်ဥပဒေရေးရာကော်မတီ အစည်းအဝေး (SEAGF Sports and Rule Committee Meeting)၊ အားကစားဆေးဘက်ဆိုင်ရာနှင့် တားမြစ်ဆေးဝါးကော်မတီ အစည်းအဝေး (SEAGF Medical and Anti-Doping Committee Meeting)၊ အမျိုးသမီးအားကစားကော်မတီအစည်းအဝေး (SEAGF Women in Sports Committee Meeting)၊ သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ရေးအစည်းအဝေး (SEAGF Media and Broadcasting Meeting)များသို့ ပြည်ထောင်စုဝန်ကြီးနှင့် လိုက်ပါသည့် အဖွဲ့ဝင်အသီးသီးမှ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကျင်းပသည့် ကောင်စီအစည်းအဝေး (SEAGF) Council Meeting သို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီး၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက တက်ရောက် အမှာစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်

စာမျက်နှာ(၁၆)သို့

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တက်ရောက်

နေပြည်တော်၊ ဇူလိုင်လ(၁၈)ရက်။

မြန်မာ့အားကစားလောကအဆင့် အတန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဘော်လီဘောမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ဝန်ကြီးဌာန အချင်းချင်း အကြား စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်မှု ပိုမို အားကောင်းလာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နေ့လယ်(၁၂း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပပြုလုပ်ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဘော်လီဘောအားကစားနည်းကို စိတ်ပါဝင်စားသည့် အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက် ကြည့်ရှု အားပေးခဲ့ကြပါသည်။





(အမျိုးသမီး)ဗိုလ်လုပွဲ ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့်

>>>>






စာမျက်နှာ(၁၅)…မှစာဆက်

အာဆီယံ အဖွဲ့ဝင်(၁၁)နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ကြပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများအားသတ်မှတ်ခြင်း၊ အားကစားပြိုင်ပွဲဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများ ပြင်ဆင်ရေးဆွဲအတည်ပြုခြင်း၊ နောင် SEA Games ပြိုင်ပွဲများ ကျင်းပပြုလုပ်မည့် အိမ်ရှင်နိုင်ငံများ သတ်မှတ်အတည်ပြုခြင်းတို့



ကို ဆုံးဖြတ် ဆောင်ရွက်ခဲ့ကြပါသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာခဲ့ပြီး (၁၄-၇-၂၀၂၂)ရက်နေ့ ဒေသစံတော်ချိန် နံနက်(၁၁း၃၀)နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိပါသည်။







ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာကာကွယ်ရေးဝန်ကြီးဌာနအသင်းက (၃)ပွဲ(၂)ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး (အမျိုးသား)ဗိုလ်လုပွဲ ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက (၃)ပွဲ(၂)ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြပါသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပ ပြုလုပ်ရာ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် အကောင်းဆုံးစပေးဘောဆုကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန အသင်းမှ ကျော်နံပါတ်(၁၀)မကလျာဝင်းမှလည်းကောင်း၊ အကောင်းဆုံး ပင့်ထောင်ဆုကို ပြည်ထဲရေး ဝန်ကြီးဌာနအသင်းမှ ကျော်နံပါတ်(၉) မနန္ဒာဝင်းပြည့်မှလည်းကောင်း၊ အကောင်းဆုံး ရိုက်ခုတ်ဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်နံပါတ်(၂) မဆုမွန်သဲမှလည်းကောင်း၊ အကောင်းဆုံး ပိတ်ဆို့ဆုကို ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၇) မသူဇာအောင်မှ လည်းကောင်း၊ အကောင်းဆုံး ခုခံဆယ်မဆုကိုကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်နံပါတ်(၅)မညီုလှိုင်မြင့်မှလည်းကောင်း၊ အကောင်းဆုံး ဘော်လီဘော (အမျိုးသမီး)အားကစားသမားဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်နံပါတ်(၁၇) မသက်ထားတို့ကို အကောင်းဆုံးဆုနှင့် ငွေသားဆုကျပ်(၁)သိန်းစီအားလည်းကောင်း၊ (အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ငွေသားဆုကျပ်(၁၀)သိန်းကိုကာကွယ်ရေးဝန်ကြီးဌာန တပ်ထိန်းချုပ် ဗိုလ်ချုပ်သက်ထွန်းဦးမှလည်းကောင်း၊

(အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၅)သိန်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ လည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်သိန်း(၂၀)ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းမှလည်းကောင်း၊

ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် အကောင်းဆုံး စပေးဘောဆုကို နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းမှ ကျော်နံပါတ်(၇) မောင်ပြည့်စုံထွေးမှလည်းကောင်း၊ အကောင်းဆုံး ပင့်ထောင်ဆုကို ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျော်နံပါတ်(၂) မောင်မင်းဟိန်းခန့်မှလည်းကောင်း၊ အကောင်းဆုံး ရိုက်ခုတ်ဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်နံပါတ်(၉) မောင်လှိုင်ဝေကျော်မှလည်းကောင်း၊ အကောင်းဆုံး ပိတ်ဆို့ဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်နံပါတ်(၆) မောင်ကျော်ဇေယျမှ လည်းကောင်း၊ အကောင်းဆုံး ခုခံဆယ်မဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်နံပါတ်(၁၂) မောင်ခိုင်မင်းမှလည်းကောင်း၊ အကောင်းဆုံး ဘော်လီဘော (အမျိုးသား)အားကစားသမားဆုကို ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၇)မောင်တိုးမင်းမောင်တို့ကို အကောင်းဆုံးဆုနှင့်ငွေသားဆု ကျပ်(၁)သိန်းစီအား လည်းကောင်း၊ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းအား ငွေသားဆုကျပ်(၁၀)သိန်းကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းမှလည်းကောင်း၊

ဆက်လက်၍ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၅)သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်မှလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်သိန်း(၂၀)ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်မှလည်းကောင်း၊

(အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုကျပ်သိန်း(၃၀)နှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှလည်းကောင်း၊

(အမျိုးသား)ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုကျပ်သိန်း(၃၀)နှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်မှလည်းကောင်း ဆုများအသီးသီး ပေးအပ် ချီးမြှင့်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပထမအကြိမ် ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းပွဲ အခမ်းအနား တက်ရောက်













နေပြည်တော်၊ ဇူလိုင်လ(၁၈)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကျင်းပလျှက်ရှိသည့် ဝန်ထမ်း မိသားစုများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်(၁၀း၀၀)နာရီတွင် နေပြည်တော်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁) ခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်ဇနီး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ တက်ရောက်၍ လှူဖွယ်ပစ္စည်းများအား

>>







ဆပ်ကပ်လှူဒါန်းခဲ့ကြပါသည်။

ဦးစွာ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဥယျာဉ်စုသိမ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ သံဃာတော်အရှင်သူမြတ်တို့မှ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူခြင်း၊ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆပ်ကပ်လှူဒါန်းခြင်း၊ ဆရာတော် မထေရ်မြတ်ကြီးထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေခြင်း နှင့် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆပ်ကပ် လှူဒါန်းခြင်းများပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍ တရားနာလာရောက်ကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အသက်မွေးဝမ်းကျောင်းနည်းပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၂၂)သင်တန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော်၊ ဇူလိုင်လ(၂၁)ရက်။

လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး အသက်မွေးဝမ်းကျောင်းပညာရေး နှင့် လက်တွေ့လုပ်ငန်းနယ်ပယ်များတွင် ဆက်စပ်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းနည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၂၂)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉:၀၀)နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊

စာမျက်နှာ(၂၀)သို့






စာမျက်နှာ(၁၉)…မှစာဆက်

လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ လူငယ်ရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွန့်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (ဝန်ကြီးရုံး)မှ လက်ထောက်အတွင်းဝန်များ၊ ဦးစီးဌာနမှ ဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ သင်တန်းသား/သင်တန်းသူများမှ တစ်ဦးချင်းမိတ်ဆက်ဂါရဝပြုခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်ကဏ္ဍသည် အရေးကြီးသည့်အတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊




အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ လူငယ်ရေးရာဦးစီးဌာန၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော လူငယ်များ အလုပ်အကိုင် ရရှိစေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက် မြင့်မားလာစေရေးအတွက် အမှန်တကယ် အလုပ်အကိုင်ဝင်ငွေရရှိမည့် အသက်မွေးဝမ်းကျောင်းပညာ ကာလတို သင်တန်းများကိုလည်း ထပ်မံဖွင့်လှစ်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ပေးနေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေပြီး ဌာနတွင်းမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို တစ်ဖက်တစ်လမ်းမှ စားဝတ်နေရေး ချောင်လည်နိုင်စေရန်နှင့် တစ်ပိုင်တစ်နိုင်အိမ်တွင်းစီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်လိုသူများ ပေါ်ထွက်လာစေရေးအတွက် သင်တန်းအား ဖွင့်လှစ်သင်ကြား ပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား/သင်တန်းသူများအနေဖြင့် တစ်ဦးချင်းစွမ်းဆောင်ရည်ရှိမှ မိမိအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့ကိုယ်တိုင် စွမ်းရည်ရှိရန် လိုအပ်သောကြောင့် စွမ်းအားရှိသလောက် ကြိုးစားဆောင်ရွက်ကြရန်နှင့် မိမိတတ်ကျွမ်းသော အတတ်ပညာများကိုလည်း အခြားသူများအား ပြန်လည်မျှဝေပေးနိုင်သည်အထိ ကြိုးစား သင်ယူကြရန် လိုကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်း စိတ်မမွေးဘဲ အဖွဲ့အစည်းစိတ်ဓာတ် မွေးပြီး စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ အရည်အသွေးနှင့်အရည်အချင်းများ တိုးတက်အောင် အချိန်တိုင်း ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကာ အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းနည်းပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၂၂)ကို ဇူလိုင်လ(၂၁)ရက်မှ (၂၇)ရက်အထိ လူငယ်ရေးရာဦးစီးဌာန သင်တန်းခန်းမတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆရာမဒေါ်စုလှိုင်မြင့်(ဦးစီးအရာရှိ)နှင့် ဒေါ်ရီရီဝင်း(ဒုတိယဦးစီးမှူး)တို့မှ သင်ခန်းစာများအား စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ သင်တန်းသား/သင်တန်းသူ(၂၀)ဦးတို့ တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲတက်ရောက်ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ (၂၇)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့၌ ဆက်လက် ကျင်းပပြုလုပ်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် ဘောလုံး အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင်

စာမျက်နှာ(၂၄)သို့





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ရွှေကြာပင်အားကစားကွင်း ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနား တက်ရောက်

နေပြည်တော်၊ ဇူလိုင်လ(၂၉)ရက်။

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ရွှေကြာပင် အားကစားကွင်း၌ RC(၂)ထပ် အထူးတန်းပွဲကြည့်စင်နှင့် မိုးလုံလေလုံ အားကစားရုံ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်(၇)နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ရွှေကြာပင် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး



လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်မည့် (၄၇၀ ပေ ×၆၀ပေ)RC (၂)ထပ် အနောက်ဘက် အထူးတန်းပွဲကြည့်စင် တည်ဆောက်ခြင်းစီမံကိန်း "ပန္နက်တော်တင်မင်္ဂလာ" အခမ်းအနားသို့ တက်ရောက်လာကြသော အကြီးအကဲများဖြစ်သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ အားကစားနှင့်လူငယ်









ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်သစ်စံဆောက်လုပ်ရေးကုမ္ပဏီနှင့် Greeco ဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်သစ်စံ ဆောက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊

စာမျက်နှာ(၂၂)သို့









စာမျက်နှာ(၂၁)- အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ...မှအဆက်





ဆောက်လုပ်ရေးကုမ္ပဏီတို့မှတာဝန်ရှိသူများမှ ရတနာပန္နက်တော်တင်မည့် ပန္နက်တိုင်(၉)နေရာတို့တွင် အသီးသီး နေရာယူခြင်း၊ အခမ်းအနားမှူးက ဇယမင်္ဂလာအောင်ဂါထာကို ဖတ်ကြားခြင်း၊ အကြီးအကဲများမှ ပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်(၉)ချက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

ဆက်လက်ပြီး Greeco ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည့် (၁၈၀ ပေ×၁၅၀ ပေ) မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်းစီမံကိန်း "ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနား" အား ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အကြီးအကဲများမှ ရတနာပန္နက်တော်တင်မည့် တိုင်(၉)နေရာတွင် အသီးသီးနေရာယူပြီး ပန္နက်တော်ဌာနများတွင် ရတနာပန္နက်တော်များကို တွင်းတော်တူး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ အခမ်းအနားမှူးက သဗ္ဗမင်္ဂလာဂါထာကို ဖတ်ကြားခြင်း၊ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခြင်းများ ပြုလုပ်၍ ရတနာပန္နက်တော်တင်အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နံနက်(၉)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇင်မင်းထက်၊ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ အားကစားနှင့်

>>>>





လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ပြိုင်ပွဲ(တတိယလုပွဲ)ပွဲစဉ်တွင်ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ စက်မှုဝန်ကြီးဝန်ကြီးဌာနအသင်းကို



(၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။

ပြိုင်ပွဲများအပြီးတွင်ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ စတုတ္ထဆုရရှိသည့် စက်မှုဝန်ကြီးဌာနအသင်းအား ငွေသားဆုကျပ်(၁၀)သိန်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှလည်းကောင်း၊ တတိယဆုရရှိသည့် ကာကွယ်ရေး

စာမျက်နှာ(၂၄)သို့












# ၂၀၂၂ ခုနှစ် ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် ပထမ တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ရှမ်းပြည်နယ်ဂုဏ်ဆောင် အမျိုးသားဘော်လီဘောအသင်းမှ အားကစားသမားများအား ဂုဏ်ပြုခြင်း အခမ်းအနားကျင်းပ

တောင်ကြီး၊ ဇူလိုင်လ (၅) ရက်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့ ၊ ပြည်နယ်ဝန်ကြီးချုပ်မှ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆု ဖလားရရှိခဲ့သော ရှမ်းပြည်နယ် အမျိုးသား ဘော်လီဘောအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အားကစားသမားများ ဂုဏ်ပြုခြင်း အခမ်းအနားကို ယနေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရကာ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ၊ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့် ကာယ ပညာသိပ္ပံ (တောင်ကြီး)

>>





စာမျက်နှာ(၂၃) ...မှစာဆက်

ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုကျပ်(၁၅)သိန်း ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်ကျော်ထွန်းမှလည်းကောင်း၊ ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသား ဆု ကျပ်သိန်း(၂၀)ကို ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇင်မင်းထက်မှလည်းကောင်း၊ ပထမ ဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်သိန်း(၃၀)ကို စက်မှု ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်းမှလည်းကောင်း၊ ပထဆုရရှိသည့်ပြည်ထဲရေး ဝန်ကြီး ဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆုကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မှလည်းကောင်း ဆုများအသီးသီး ပေး အပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါ သည်။



စာမျက်နှာ(၂၀)...မှစာဆက်

ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပထမ အဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ် များကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှတနင်္သာရီတိုင်း ဒေသကြီးအသင်းကို (၃)ဂိုး (၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ တစ်ဖက် (၁)ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ ကြကြောင်း သိရှိရသည်။



(၃-၇-၂၀၂၂)ရက်နေ့တွင် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)ကျောင်းဝင်းအတွင်း၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့်အမျိုးသမီးရေးရာ အဖွဲ့တို့မှ ကြီးမှူးကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် အကြီး အကဲများ၏ဇနီးများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်နှင့် တာဝန်ရှိသူများ၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူ များနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)မှ သင်တန်းသား/သင်တန်းသူများ တက်ရောက်စိုက်ပျိုး

ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ အုပ်ချုပ်သူ/နည်းပြများ ၊ ပြိုင်ပွဲဝင်ဆုရ အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်တဲ့ ဂုဏ်ပြုပွဲ အခမ်းအနားကတော့ အင်မတန်မှ ကျက်သရေ မင်္ဂလာရှိတဲ့ပွဲဖြစ်တာနဲ့အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ် နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို အိမ်ရှင်အဖြစ် (၃)ကြိမ် လက်ခံ ကျင်းပပြုလုပ်ပေးခဲ့ရာ ၂၀၁၄ ခုနှစ်မှာ ရှမ်းပြည်နယ် ဘော်လီဘော (အမျိုးသား)အသင်းသည် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ ဒုတိယဆု၊ ၂၀၂၂ ခုနှစ် အိမ်ရှင်အဖြစ်လက်ခံ ကျင်းပတဲ့ပွဲမှာတော့ ဘော်လီဘောပရိသတ်ရဲ့ ရှေ့မှောက်တွင် ပြိုင်ဘက်အသင်းအား ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့ပြီး တံခွန်စိုက်ပထမဆုဖလားကြီးကို ဆွတ်ခူးရရှိခဲ့သည့်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့်လည်း အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ပြည်နယ်ရဲ့ ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးကြတဲ့ အားကစားသမားအားလုံးရဲ့ စွမ်းဆောင်နိုင်မှုများကို မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း၊ ယခုရရှိထားသည့် အောင်မြင်မှုတွင် ရပ်တန့် မနေဘဲ နောင်လာမည့်ပြိုင်ပွဲများမှာလည်း ယခုထက်ပိုမိုအောင်မြင်အောင် စွမ်းဆောင်ပြီး ပြည်နယ်နှင့်နိုင်ငံရဲ့ဂုဏ်ကို အားကစားဖြင့် ဆတက်ထမ်းပိုးတိုး၍ မြှင့်တင်နိုင်ကြစေလိုပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်ရဲ့ အားကစားအဆင့်အတန်းမြင့်မားလာစေရန်အတွက် ဘက်ပေါင်းစုံကနေ အမြဲတမ်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသွားကာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် အလှူရှင်များမှ ဂုဏ်ပြုချီးမြှင့်ငွေများ လှူဒါန်းကြရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ချီးမြှင့်ငွေ ကျပ်(၁၀)သိန်း၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်မှ ချီးမြှင့်ငွေကျပ်(၅)သိန်း၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာ ကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်မှ ချီးမြှင့်ငွေ ကျပ်(၁၆)သိန်း၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကိုမှ ချီးမြှင့်ငွေကျပ်(၅)သိန်း၊ KBZ Groups (လမ်းလျှောက်အဖွဲ့)မှ ကျပ်သိန်း(၂၀)၊ လမ်းဦးစီးဌာနမှ ကျပ်(၁၀)သိန်း၊ ကျေးလက်လမ်းဦးစီးဌာနမှ ကျပ်(၅)သိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ်(၅)သိန်း၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ကျပ်(၅)သိန်း၊ ကျိုင်းခမ်း ရေလှောင်တမံစီမံကိန်းတည်ဆောက်ရေး(၇)မှ ကျပ်(၅)သိန်း ၊ ဦးသော်တာ(လျှံထူးအောင်ဆောက်လုပ်ရေးကုမ္ပဏီ)မှ ကျပ်(၁၀)သိန်း ၊ ဦးစိုးလင်း(လင်းမြတ်နိုင်ဆောက်လုပ်ရေးကုမ္ပဏီ)မှ ကျပ်(၁၀)သိန်း၊ ဦးတိုး(ချယ်ရီဘုရင်မဆောက်လုပ်ရေးကုမ္ပဏီ)မှ ကျပ်(၅)သိန်း၊ ဦးအောင်သန်းကျော်(ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌ)မှ ကျပ်(၅)သိန်း၊ ဦးဝင်းဦး(ဘော်လီဘော ဆပ်ကော်မတီဒု-ဥက္ကဋ္ဌ)မှ ကျပ်(၃)သိန်း၊ ဦးအောင်မျိုးလွင် (ဟိုတယ်လုပ်ငန်းရှင်)မှ ကျပ်(၃)သိန်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းလုပ်ငန်းရှင်များမှ ကျပ်သိန်း(၃၀)၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကျပ်(၁၀)သိန်း စုစုပေါင်းကျပ် သိန်း(၁၆၀)တိတိ/- ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်မှ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့်တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများနှင့် အားကစားသမားများအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ပြီး လွှက်ရည်/အချိုပွဲများဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။







(၁၇-၇-၂၀၂၂)ရက်နေ့တွင် ပြေးခုန်ပစ်အားကစားလောက တိုးတက်မြင့်မားစေရန်နှင့်အရည်အချင်းပြည့်မီသော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တွင် လေ့ကျင့်နေသော မျိုးဆက်သစ် အားကစားသမားများအား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ နည်းပြ အကြံပေးဆပ်ကော်မတီမှ ဂုဏ်ထူးဆောင် အားကစားသမားဟောင်းများဖြစ်သည့် ဦးစောအက်ဒွပ်ရန်နီ(တာလတ်)၊ ဒေါ်သန်းသန်း(တာတို)၊ ဒေါ်မာမာမင်း(တာဝေး)၊ ဦးဘုန်းမြင့်(တန်းကျော်)နှင့် ဒေါ်နွဲ့နွဲ့အေး(လမ်းလျှောက်) တို့မှ ဟောပြောပို့ချ



# (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့သော ချင်းပြည်နယ်မှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့် နည်းပြဆရာတို့အား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ချင်းပြည်နယ်၊ ဇူလိုင်လ(၅)ရက်။

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ ဂုဏ်ဆောင် ရွှေတံဆိပ်များ ရရှိအောင် စွမ်းဆောင်ခဲ့သော ချင်းပြည်နယ်မှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့် နည်းပြဆရာတို့အား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင်လ(၅)ရက်နေ့တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဂုဏ်ပြုပွဲ အခမ်းအနားသို့ ချင်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ ချင်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွင့်လှိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ပြည်နယ်/ခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးငွန်ဆန်းအောင်မှ ဂုဏ်ပြုအမှာစကား ပြောကြားကာ ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်မှ ဂုဏ်ပြုပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်မှ ဗိုဗီနမ် အားကစားသမား မောင်အိုက်စိုးလင်း အား ဂုဏ်ပြုဆုငွေကျပ်(၁၀)သိန်းနှင့် ဂုဏ်ပြုလက်မှတ်တို့အားလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်မှ ဗိုဗီနမ်အားကစားသမား မောင်မနားကျွီးအား ဂုဏ်ပြုဆုငွေကျပ်(၁၀)သိန်းနှင့် ဂုဏ်ပြုလက်မှတ်တို့အားလည်းကောင်း၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်မှ Kurash အားကစားနည်းပြ ဦးကပ်ကျင်းပေါင်းအား ဂုဏ်ပြုဆုငွေကျပ်(၆)သိန်းနှင့်ဂုဏ်ပြုလက်မှတ်တို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး၊ Kurash အားကစားနည်းပြ ဦးကပ်ကျင်းပေါင်းမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။





# အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခုနှင့် ငွေတံဆိပ်(၁)ခု ဆွတ်ခူးရရှိပြီး ပြန်လည်ရောက်ရှိလာသည့်မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို

ရန်ကုန်၊ ဇူလိုင်လ(၂၀/၂၄)ရက်။

မော်လ်ဒိုက်နိုင်ငံ၌ ဇူလိုင် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပလျှက်ရှိသည့် (၅၄)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်နှင့် ငွေတံဆိပ်ဆုဆွတ်ခူး ရရှိကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား (၇၀)ကီလိုတန်းတွင် ရဲထွန်းနောင်က ဒုတိယ(ငွေ)၊ (၅၅)ကီလိုတန်းတွင် ကျော်မင်းသန်းက ပဥ္စမ၊ (၈၀)ကီလိုတန်းတွင် ခင်မောင်ကျော်က စတုတ္ထ၊ အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် မီမီကျော်နိုင်က စတုတ္ထ၊ အေးသန္တာခိုင်က (၁၆၅)စင်တီမီတာတွင် ပဥ္စမနှင့် Over (40) yrs တွင် ပထမ(ရွှေ)၊ Athletic Physique ပြိုင်ပွဲတွင် ဝတ်ရည်ဖြိုးက စတုတ္ထ ရရှိခဲ့ကြပါသည်။

အဆိုပါအားကစားအဖွဲ့သည် ဇူလိုင်လ(၂၄)ရက်နေ့ နံနက်(၁၀)နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရှိရသည်။





# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကချင်ပြည်နယ်မှ နိုင်ငံ့လက်ရွေးစင်ကစားသမားများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကြီး ဆွတ်ခူးရရှိခဲ့သည့် အမျိုးသမီးဘော်လီဘောအသင်းအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ

ကချင်၊ ဇူလိုင်လ(၈)ရက်။

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကချင်ပြည်နယ်မှ နိုင်ငံ့လက်ရွေးစင် ကစားသမားများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကြီးအား ဆွတ်ခူးရရှိခဲ့သည့် ကချင်ပြည်နယ်ဂုဏ်ဆောင်အမျိုးသမီးဘော်လီဘောအသင်းအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ(၆း၃၀)နာရီ အချိန်တွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ကချင်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ဆပ်ကော်မတီ နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အားကစားနည်းအလိုက်ဆပ်ကော်မတီဝင်များ၊ နိုင်ငံ့လက်ရွေးစင်ကစားသမားများနှင့် အောင်ပွဲရ အမျိုးသမီးဘော်လီဘောအသင်း အုပ်ချုပ်သူ/နည်းပြနှင့် ကစားသမားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးခက်ထိန်နန်မှ ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် ကချင်ပြည်နယ်ကိုယ်စားပြုကစားသမားများကိုယ်စား အောင်ပွဲရ အမျိုးသမီးဘော်လီဘောအသင်းမှ အားကစားသမား(၁)ဦးက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အမျိုးသမီး(၂)ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နိုင်ငံ့လက်ရွေးစင် နည်းပြဦးအောင်ချိုမြင့်အားငွေကျပ်(၁၅)သိန်း၊ ကြေးတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမား(၄)ဦးအား (၁)ဦးလျှင် ငွေကျပ် (၈)သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် (၃၂)သိန်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်မြန်မာ့လက်ရွေးစင် ကစားသမား(၇)ဦးအား (၁)ဦးလျှင် ငွေကျပ်(၃)သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်(၂၁)သိန်း၊ အောင်ပွဲရ အမျိုးသမီးဘော်လီဘောအသင်း(၁၆)ဦးအား (၁)ဦးလျှင် ငွေကျပ်(၃)သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်(၄၈)သိန်းကို











စာမျက်နှာ(၂၈)သို့

# (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မွန်ပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုခြင်း အခမ်းအနားကျင်းပ

မွန်၊ ဇူလိုင်လ(၁၁)ရက်။

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုခြင်း အခမ်းအနားကို (၁၁-၇-၂၀၂၂)ရက်နေ့၊ နေ့လယ်(၂)နာရီအချိန်တွင် ငွေမိုးဟိုတယ်၌ ကျင်းပ ပြုလုပ်ခဲ့ရာ မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွင့်ဦး၊ မွန်ပြည်နယ်အမျိုးသမီးအားကစားအဖွဲ့နာယကဒေါ်စန်းစန်းလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းမှ ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Kurash အားကစားနည်းမှ ရွှေတံဆိပ်ဆုရရှိခဲ့သောမအေးအေးအောင်အား ဂုဏ်ပြုငွေကျပ်(၁၀)သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်ခဲ့ပြီး မွန်ပြည်နယ်အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်စန်းစန်းလွင်က ပီတန်းအားကစားနည်းမှ ရွှေတံဆိပ်ဆု ရရှိခဲ့သော မခင်ချယ်ရီသက်အား ဂုဏ်ပြုငွေကျပ်(၁၀)သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာအားလည်းကောင်း၊ မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးက ဂျူဒိုအားကစားနည်းမှ ငွေတံဆိပ်ဆုရရှိခဲ့သော မခြူးမြတ်နိုးဝေ







>>>

စာမျက်နှာ(၂၇) •••မှစာဆက်

ချီးမြှင့်ခဲ့ပြီး၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှလည်း အောင်ပွဲရအမျိုးသမီးဘော်လီဘောအသင်းအား (၁)ဦးလျှင် ငွေကျပ်(၁)သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်(၁၆)သိန်းကို လည်းကောင်း၊ ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ရွှေတံဆိပ် ဆုရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နိုင်ငံ့ လက်ရွေးစင်နည်းပြ ဦးအောင်ချိုမြင့်အား ငွေကျပ်(၃)သိန်း၊ ကြေးတံဆိပ်ဆုရရှိခဲ့သည့် ကစားသမား(၄)ဦးအား (၁)ဦးလျှင် ငွေကျပ်(၁)သိန်းခွဲနှုန်းစီဖြင့်လည်းကောင်း၊ အောင်ပွဲရ အမျိုးသမီးဘော်လီဘောအသင်းအား ငွေကျပ်(၁၀)သိန်း၊ စုစုပေါင်း ငွေကျပ်(၁၉)သိန်း ချီးမြှင့်ခဲ့ကြပြီး၊ ဂုဏ်ပြုညစာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။



# ၂၀၂၂ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တနင်္သာရီ၊ ဇူလိုင်လ(၁၁)ရက်။

၂၀၂၂ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားမြို့နယ်ပေါင်းစုံအသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို(၁၁-၇-၂၀၂၂) ရက်နေ့ (၁၅း၃၀)နာရီအချိန်တွင် ထားဝယ်မြို့၊ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အားကစားသမားများ တက်ရောက်အားပေးချီးမြှင့်ခဲ့ပါသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး မီတာ(၁၀၀)ပြိုင်ပွဲ၊ အမျိုးသား မီတာ(၁၀၀)ပြိုင်ပွဲ၊ အမျိုးသမီး (၄၀၀×၄)လက်ဆင့်ကမ်းပြိုင်ပွဲ၊ အမျိုးသား(၄၀၀×၄)လက်ဆင့်ကမ်းပြိုင်ပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ အမျိုးသမီး မီတာ(၁၀၀)ပြိုင်ပွဲ၌ တတိယဆုရရှိသည့် သရက်ချောင်းမြို့နယ်မှ မတင်မိုးအေး၊ ဒုတိယဆုရရှိသည့် ကော့သောင်းမြို့နယ်မှ မလှလှထွေး၊ ပထမဆုရရှိသည့် ပုလောမြို့နယ်မှ မအေးသီဝင်းတို့အား တိုင်းဒေသကြီး ဥပဒေချုပ်ဦးအုန်းသန်းကလည်းကောင်း၊ အမျိုးသားမီတာ(၁၀၀)ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရေဖြူမြို့နယ်မှ မောင်ထွန်းဝင်းကျော်၊ ဒုတိယဆုရရှိသည့် ပုလောမြို့နယ်မှ မောင်အောင်မင်းမြတ်၊ ပထမဆုရရှိသည့် ဘုတ်ပြင်းမြို့နယ်မှ မောင်အောင်ဆန်းဗိုလ်တို့အား တိုင်းရင်းသားရေးရာဝန်ကြီး စောမာတင်လှူသာကလည်းကောင်း၊ အမျိုးသား(၄၀၀×၄)လက်ဆင့်ကမ်းပြိုင်ပွဲတွင်တတိယရရှိသည့်ဘုတ်ပြင်းမြို့နယ်အသင်းအား လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးကလည်းကောင်း၊ ဒုတိယရရှိသည့် ထားဝယ်မြို့နယ်အသင်းအား သယံဇာတရေးရာဝန်ကြီးဦးခင်မောင်မြင့်ကလည်းကောင်း၊ ပထမရရှိသည့် လောင်းလုံမြို့နယ်အသင်းအား စီးပွား







စာမျက်နှာ(၃၀)သို့



»»

အား ဂုဏ်ပြုငွေကျပ်(၇)သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာအားလည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက ဝူရှူးအားကစားနည်းမှ ကြေးတံဆိပ်ဆုရရှိခဲ့သော မောင်မျိုးမင်းထက်အား ဂုဏ်ပြုငွေကျပ်(၅)သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာအားလည်းကောင်း အသီးသီးချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ဆုတံဆိပ်များရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုယ်စား Kurash အားကစားနည်းမှ ရွှေတံဆိပ်ဆုရရှိခဲ့သော မအေးအေးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

■

## ၂၀၂၂ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အုပ်ချုပ်/နည်းပြအားကစားသမားများအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနား ကျင်းပ

● ပဲခူး၊ ဇူလိုင်လ(၁၄)ရက်။

၂၀၂၂ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်





ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအား အောင်နိုင်ရေး အလံပေးအပ်ပွဲနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ သြဝါဒ ခံယူပွဲ အခမ်းအနားကို (၁၄-၇-၂၀၂၂)ရက်နေ့ နံနက်(၀၉း၀၀)နာရီအချိန်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးအသင်း အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများမှ (၁)ဦးချင်း မိတ်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ လမ်းညွှန်သြဝါဒ အမှာစကားပြောကြားခဲ့ပါသည်။




ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသား ဘောလုံးအသင်း အုပ်ချုပ်သူဦးနေလင်းဦး(လက်ထောက်ညွှန်ကြားရေးမှူး) ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အားကစားအဖွဲ့ထံသို့ အောင်နိုင်ရေး အလံနှင့် ထောက်ပံ့ငွေကျပ်သိန်း(၂၀) အား ပေးအပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်မှ ပဲခူးတိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသား ဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရပါသည်။

✸

စာမျက်နှာ(၂၉) ···မှ စာဆက်

ရေးရာဝန်ကြီး ဦးမောင်ကြီးကလည်းကောင်း၊ အမျိုးသမီး(၄၀၀×၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် တတိယရရှိသည့် လောင်းလုံမြို့နယ်အသင်း ၊ ဒုတိယရရှိသည့် ကော့သောင်းမြို့နယ်အသင်း ပထမရရှိသည့် သရက်ချောင်းမြို့နယ်အသင်းများအား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းလင်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အမျိုးသမီးပြိုင်ပွဲတွင် ရမှတ် (၇၈ ဒသမ ၅)မှတ်ဖြင့် ပထမရရှိသော ကော့သောင်းမြို့နယ်ပြေးခုန်ပစ်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ရမှတ် (၆၀) မှတ်ဖြင့် ပထမရရှိသော သရက်ချောင်းမြို့နယ် ပြေးခုန်ပစ်အသင်းများအား တံခွန်စိုက်ဆုဖလားများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

✸



# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရေဝတီတိုင်းဒေသကြီးအသင်းအား ဩဝါဒလမ်းညွှန်အမှာစကား ပြောကြားခြင်းနှင့် အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနား ကျင်းပ

ရေဝတီ၊ ဇူလိုင်လ(၁၅)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ရေဝတီတိုင်းဒေသကြီး အသင်းအား ဩဝါဒလမ်းညွှန် အမှာစကား ပြောကြားခြင်းနှင့် အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနားကို (၁၅-၇-၂၀၂၂)ရက်နေ့၊ နေ့လယ်(၁၅:၀၀) နာရီအချိန်တွင် ပုသိမ်မြို့ ရေဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)တွင် ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားသမားများ တက်ရောက်ကြပါသည်။



အခမ်းအနားတွင်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းက ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရေဝတီတိုင်းဒေသကြီး အသင်းအား ဩဝါဒလမ်းညွှန် အမှာစကား ပြောကြားကာ အောင်နိုင်ရေး အလံနှင့် ချီးမြှင့်ထောက်ပံ့ငွေ ကျပ်(၁၅)သိန်းအား ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

■





# ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန်၊ ဇူလိုင်လ(၁၆)ရက်။

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ဘောလုံး အားကစားအဖွဲ့အား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ(၃)နာရီက ရန်ကုန်မြို့၊ သုဝဏ္ဏ ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးနှင့်ပြည်နယ်အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားအဖွဲ့အား အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဘောလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ ယူ-၁၆ လက်ရွေးစင်အသင်းနှင့် ရန်ကုန် ယူ-၁၉ အသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်းပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

■





# ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ကြက်တောင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ကရင်၊ ဇူလိုင်လ(၁၈)ရက်။

ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို (၁၈-၇-၂၀၂၂)ရက်နေ့၊ ညနေ (၃း၀၀)နာရီအချိန်တွင် ဘားအံမြို့ အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပ ပြုလုပ်ရာ ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တစ်ဦးချင်းအမျိုးသမီးတံခွန်စိုက် ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားသမားများအား ဆုချီးမြှင့်ရာ တစ်ဦးချင်း အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရရှိခဲ့ကြသော မိထွန်းလဝန်းနွယ်(ဘားအံမြို့နယ်)နှင့် နန်းလုယဉ်ဦး(ကော့ကရိတ်မြို့နယ်)တို့အား ဆုကလပ် နှင့် ငွေသားဆုကျပ် (၅)သောင်းစီတို့အား ကရင်ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးမှ လည်းကောင်း၊ ဒုတိယဆုရရှိသော အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ တစ်ဦးချင်း အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရရှိခဲ့ကြသောမောင်စိုးစင်ခန့် (ဘားအံမြို့နယ်)နှင့်မောင်ဇော်မျိုးလတ် (ဘားအံမြို့နယ်)တို့အား ဆုကလပ်နှင့် ငွေသားဆု ကျပ်(၅)သောင်းစီအား ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးရာ ဝန်ကြီး ရဲမှူးကြီး ခင်ဇော်မှ လည်းကောင်း၊ ဒုတိယဆုရရှိသော စိုင်းညဏ်လင်း မိုးမင်းနောင်မှ လည်းကောင်းအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အမျိုးသား/အမျိုးသမီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကို ဆက်လက်ချီးမြှင့်ရာ အမျိုးသားပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု အဖြစ် မောင်ဟိဏ်းလင်းထက်(ဘားအံမြို့နယ်)အား ဆုကလပ်နှင့် ငွေသားဆု ကျပ်(၁)သိန်းအား ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဥပဒေချုပ်





ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ် လူမှုရေးရာဝန်ကြီး နှင့်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ တစ်ဦးချင်း အမျိုးသမီး တံခွန်စိုက် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မနန္ဒာဝင်း(ဘားအံမြို့နယ်)နှင့် နော်ခန့်ကျော်ဇောထွန်း(ကော့ကရိတ်မြို့နယ်) တို့ ယှဉ်ပြိုင်ကစားကြရာ နော်ခန့်ကျော်ဇောထွန်း(ကော့ကရိတ်မြို့နယ်) အသင်းမှ အနိုင်ရရှိသွားပါသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ Myanmar National Junior Championships 2022 အသက်(၁၇)နှစ်အောက်(၂)ယောက်တွဲပြိုင်ပွဲတွင် ဆုရရှိခဲ့သော မောင်ထိုက်လင်းဦးနှင့် မောင်စိုးစင်ခန့်တို့အား ကရင်ပြည်နယ် ကြက်တောင်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းရွှေ မှ ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။



နန္ဒာဝင်း (ဘားအံမြို့နယ်)အား ဆုကလပ်နှင့် ငွေသားဆုကျပ်(၇)သောင်းကိုကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှ လည်းကောင်း၊ ပထမဆုရရှိသော နော်ခန့်ကျော်ဇောထွန်း (ကော့ကရိတ်မြို့နယ်) အား ဆုကလပ်နှင့် ငွေသားဆုကျပ်(၁)သိန်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်မှ လည်းကောင်း၊ ထက်(ဖာပွန်မြို့နယ်)အား ဆုကလပ်နှင့် ငွေသားဆုကျပ်(၇)သောင်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းမှ လည်းကောင်း၊ ပထမဆုရရှိသော ဟိဏ်းလင်းထက်(ဘားအံမြို့နယ်) အား ဆုကလပ်နှင့်ငွေသားဆုကျပ် (၁)သိန်းအား ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဦးရဲလွင်မှလည်းကောင်း၊ အမျိုးသမီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို နော်ခန့်ကျော်ဇောထွန်း(ကော့ကရိတ်)အား ဆုကလပ်နှင့် ငွေသားဆုကျပ်(၁)သိန်းအား ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုမှ လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား ဆုချီးမြှင့်ရာ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆု ရရှိခဲ့ကြသော သံတောင်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်တို့အား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကလပ်နှင့် ငွေသားဆု ကျပ်(၁)သိန်းစီအားလည်းကောင်း၊ ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းအား တစ်ဦးချင်း

>>

# ၂၀၂၂ ခုနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၅)ခရိုင် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မကွေး၊ ဇူလိုင်လ(၂၁)ရက်။

၂၀၂၂ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၅)ခရိုင် အမျိုးသား/အမျိုးသမီး ကြက်တောင်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ(၄)နာရီအချိန်က တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယက ၊ ရောက်ရှိလာကာ မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွန်းလာစေရန်နှင့် လူငယ်များ ကြက်တောင်အားကစားနည်းကို ပိုမို











တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်က တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှု အဆင့်အတန်း မြင့်မားလာစေရန်၊ အားကစားလှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် စုပေါင်းလှုပ်ရှားသော အလေ့အကျင့်ကောင်းများ ရရှိလာသည့်အပြင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်သည့် လူထု အားကစားအသွင်သို့ စိတ်ဝင်စားလာပြီး မိမိတို့ပတ်ဝန်းကျင်မှာ ကျယ်ကျယ်ပြန့်ပြန့် ကစားရာမှ တိုင်းဒေသကြီးကိုယ်စားပြု သွေးသစ် ကြက်တောင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကြက်တောင် အားစားနည်းဟာ တစ်ဦးချင်းယှဉ်ပြိုင်ရသည့် အားကစားနည်းဖြစ်ပြီး တစ်ဦးကောင်း တစ်ယောက်ကောင်း ကြိုးစားအားထုတ်ကာ ဖြတ်ထိုးဉာဏ်နှင့် လျှင်မြန်သွက်လက်မှုတို့ ပေါင်းစပ်ပြီး ယှဉ်ပြိုင်ရသောအားကစားနည်း တစ်ခုဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင်

စာမျက်နှာ(၃၄)သို့

---

ဆုတံဆိပ်၊ ဆုကလပ်နှင့် ငွေသားဆုကျပ်(၃)သိန်းနှင့် ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ဆု ပထမတံခွန်စိုက်ဖလားနှင့် ငွေသားဆုကျပ်(၅)သိန်းတို့အား ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှ ပေးအပ် ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား ဆုချီးမြှင့်ရာအမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိခဲ့ကြသော မြဝတီမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ် အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကလပ်နှင့် ငွေသားဆုကျပ်(၁)သိန်းစီအားလည်းကောင်း၊ ဒုတိယဆုရရှိသော ဖာပွန်မြို့နယ် အသင်းအားတစ်ဦးချင်း ဆုတံဆိပ်၊ ဆုကလပ်နှင့် ငွေသားဆုကျပ်(၃)သိန်းနှင့် ပထမဆု ရရှိသော ဘားအံမြို့နယ်တို့အား တစ်ဦးချင်းဆုတံဆိပ်၊ ပထမတံခွန်စိုက် ဆုဖလားနှင့် ငွေသားဆုကျပ်(၅)သိန်းတို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

စစ်ကိုင်း၊ ဇူလိုင်လ(၂၀)ရက်။

၂၀၂၂ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ



စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်း အသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို (၂၀-၇-၂၀၂၂)ရက်နေ့၊ နံနက်(၈)နာရီအချိန်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ချင်းတွင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်မှ စုပေါင်း တံခွန်စိုက် ရရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းအား ငွေကျပ် သိန်း(၃၀)၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးမှ



အမျိုးသားတံခွန်စိုက်ဆုရရှိသော ပိုက်ကျော်ခြင်းအသင်းအား ငွေကျပ် သိန်း(၃၀)၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာ ဝန်ကြီး ဦးအေးလှိုင်မှ အမျိုးသား(၃)ယောက်တွဲ အဖွဲ့လိုက် ပထမဆုရရှိသော ပိုက်ကျော်ခြင်းအသင်းအား ငွေကျပ် (၁၅)သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းမှအမျိုးသား(၂)ယောက်တွဲ အဖွဲ့လိုက် ပထမဆုရရှိသော ပိုက်ကျော်ခြင်းအသင်းအား ငွေကျပ် (၁၅)သိန်း နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းမှ အမျိုးသားအသင်းလိုက် (၃)ယောက်တွဲ ဒုတိယဆုရရှိသော ပိုက်ကျော်ခြင်း အသင်းအား ငွေကျပ်(၁၀)သိန်း ချီးမြှင့်ခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ်သိန်း(၁၀၀)အား ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

---

စာမျက်နှာ(၃၃) ⋯မှစာဆက်

အားကစားသမားများအနေဖြင့်လည်း စိတ်ဝင်တစား အားကြိုးမာန်တက် ပါဝင် ယှဉ်ပြိုင်လာကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း နှင့် မိမိတို့၏ အားကစားအရည်အသွေး တိုးတက်မြင့်မားလာပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်သည်အထိ ကြိုးစားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပထမနေ့ ပွဲစဉ်များဖြစ်သည့် သရက်ခရိုင်အသင်း နှင့် ဂန့်ဂေါခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကာ ကြက်တောင် တစ်ဦးချင်း ပြိုင်ပွဲတွင် သရက်ခရိုင်အသင်းမှ အနိုင်ရရှိခဲ့ပြီး နှစ်ယောက်တွဲ ကြက်တောင်ပြိုင်ပွဲတွင် ဂန့်ဂေါခရိုင် အသင်းမှ အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။



---



မသန်လည်းလူ သန်လည်းလူ
စွမ်းဆောင်မှုသာ အဓိက

# အောင်မြေမန္တလာအားကစားကွင်း ဖွင့်ပွဲအထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး)ဘောလုံးပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက်ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး၊ ဇူလိုင်လ(၂၀)ရက်။

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားကွင်းဖွင့်ပွဲအထိမ်းအမှတ်





မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ(အမျိုးသား/အမျိုးသမီး)ဘောလုံးပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို (၂၀-၇-၂၀၂၂)ရက်နေ့ ညနေ (၃)နာရီအချိန်တွင် အောင်မြေမန္တလာ အားကစားကွင်းသစ်ကြီး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။








အဆိုပါ အားကစားကွင်းသစ်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး တို့မှ ပထမဦးစွာ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့မှ အောင်မြေမန္တလာ အားကစားကွင်း ဆိုင်းဘုတ်အား စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးခြင်း၊ ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းခြင်း၊ အောင်မြေမန္တလာ အားကစားကွင်း တည်ဆောက်ရေး ကုမ္ပဏီများမှ အဆောက်အဦများကို လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယပိုင်း အစီအစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဝဏ္ဏကျော်ထင် ဦးမောင်ကိုမှ တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘောလုံးပြိုင်ပွဲနှင့်မြို့နယ်ပေါင်းစုံအသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး အားကစား သရုပ်ပြအဖွဲ့(၃)ဖွဲ့ (Exercise is Medicine) စုပေါင်းလေ့ကျင့်စဉ် (EIM) ၊ မြန်မာ့သိုင်း၊ ဝူရှူး)တို့မှ သရုပ်ပြသ၍ ဖွင့်ပွဲ

စာမျက်နှာ(၃၆)သို့

# ၂၀၂၂ ခုနှစ်၊ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသားအသက်(၂၅)နှစ်အောက် မိုးရာသီဖိတ်ခေါ်ပူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ကယား ဇူလိုင်လ(၂၂)ရက်။

၂၀၂၂ ခုနှစ်၊ ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသားအသက်(၂၅)နှစ်အောက် မိုးရာသီဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် (၀၉း၀၀)နာရီတွင် ကယားပြည်နယ်၊ ပြည်နယ်အားကစားကွင်း (ဒေါဉဒူ) ဖူဆယ်ရုံတွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်













စာမျက်နှာ(၃၅) ...မှ စာဆက်

အခမ်းအနားအပြီးတွင် အမျိုးသား မီတာ(၄၀၀)၊ အမျိုးသမီး မီတာ (၁၀၀)နှင့် အမျိုးသား မီတာ(၁၀၀) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများကို သရုပ်ပြယှဉ်ပြိုင်ခဲ့ပါသည်။

အခမ်းအနားများအပြီးတွင် အမျိုးသားဘောလုံးပြိုင်ပွဲအဖြစ် မန္တလာ တက္ကသိုလ်အသင်းနှင့် သွားဘက် ဆိုင်ရာဆေးတက္ကသိုလ်အသင်းတို့မှ ယှဉ်ပြိုင်ပြီး ဘောလုံးပြိုင်ပွဲ ပထမပိုင်း ရပ်နားစဉ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာန ချုပ် တိုင်းမှူးနှင့် အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တို့က လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများ တွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသော အသင်းများအား ဆု တံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေး ခဲ့ကြပါသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကျင်းပ

စစ်တွေ၊ ဇူလိုင်လ(၂၆)ရက် ။

ဇူလိုင်လ(၂၅)ရက်နေ့မှ(၂၆)ရက်နေ့အထိကျင်းပပြုလုပ်သည့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလမောင် နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ နှင့်ဆုပေးပွဲ အခမ်းအနားကို (၂၆-၇-၂၀၂၂)ရက်နေ့တွင် စစ်တွေမြို့၊ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲများ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးပြီးနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ၆၀ ကီလိုတန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကာယဗလမောင်များအားလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက ၆၅ ကီလိုတန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကာယဗလမောင်များအား လည်းကောင်း၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီးက ၇၀ ကီလိုတန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကာယဗလမောင်များအား လည်းကောင်း၊ ပြည်နယ်စီးပွားရေးရာ ဝန်ကြီးက ၇၅ ကီလိုတန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကာယဗလမောင်များအားလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ၇၅ ကီလိုတန်းအထက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကာယဗလမောင်များအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က Man Sport Physique ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကာယဗလမောင်များကို ဆုများ ပေးအပ် ချီးမြှင့်ပေးသည်။ ယင်းနောက် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က ကာယကြံ့ခိုင်မှု မယ် ၅ ပေ ၃ လက်မ အောက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော မယ်များအားလည်းကောင်း၊ စစ်တွေတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က ၅ ပေ ၃ လက်မအထက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော မယ်များအားလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက FITNESS PHYSIQUE ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု








စာမျက်နှာ(၄၂)သို့

---

>>

ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လှိုင်ကော်)ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး မြတ်မင်းမိုးနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်/နည်းပြများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပွဲစဉ်(၁)အနေဖြင့် သယံဇာတအသင်းနှင့်မယ်စဲ့မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရှိရပါသည်။



MINISTRY OF Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

# အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ သို့ အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်ကြစေလို

**ကိုငွေး(ဂနောင်)**



### အာဆီယံ၏ ပညာရေးမျှော်မှန်းချက်

အာဆီယံ၏ ပညာရေးမျှော်မှန်းချက်တွင် "အားကစားနှင့်ပတ်သက်၍ အခြေခံပညာအဆင့် ကျောင်းလက်ရွေးစင်မှသည် တက္ကသိုလ်လက်ရွေးစင်၊ ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်မည့် နိုင်ငံ့လက်ရွေးစင်အဆင့် ဖြစ်ရမည်" ဟူသည့် မျှော်မှန်းချက်များ ပါရှိသည်ဟု လေ့လာ မှတ်သားဖူးပါသည်။

### ကျင်းပပြီးစီးခဲ့သည့်အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (20th ASEAN University Games 2022) အား ထိုင်းနိုင်ငံ၊ Ubon Ratchathani တွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့မှ ဩဂုတ်လ(၆)ရက်နေ့အထိ အားကစားနည်း(၂၃)နည်းဖြင့် ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ အဖွဲ့ဝင်(၁၁)နိုင်ငံမှ အားကစားသမား အင်အား(၂၀၀၀)ကျော် ယှဉ်ပြိုင်သွားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲသို့ ဘောလုံး၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ မြားပစ် စသည့် အားကစားနည်း(၄)မျိုးကို အားကစားသမား(၃၃)ဦး၊ အုပ်ချုပ်/နည်းပြ(၂၆)ဦး၊ စုစုပေါင်း(၅၉)ဦးဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်သွားသည်ကို တွေ့ရှိရပြီး ပြိုင်ပွဲဝင်အားကစားနည်း နှင့် ပြိုင်ပွဲဝင် အားကစားသမား အရေအတွက် လွန်စွာနည်းပါးနေသည်ကိုလည်း တွေ့ရသည်။ ပြိုင်ပွဲတွင် ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ်(၂)ခု၊ ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၁)ခု အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခု၊ စုစုပေါင်း ရွှေတံဆိပ်(၂)ခု၊ ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၂)ခုသာ ရရှိခဲ့ပြီး ပြိုင်ပွဲဝင် နိုင်ငံပေါင်း(၁၁)နိုင်ငံ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှုမှာလည်း အဆင့်(၉)တွင်သာ ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရသည်။ မြန်မာ့ အားကစားအဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရာအဓိကဒေါက်တိုင်ကြီးတစ်ခုဖြစ်သည့် ပညာရေးဌာနသည်ပင်လျှင် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ အားကစားနည်း(၄)မျိုးမှ အားကစားသမား(၃၃)ဦးသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ကို ကြည့်ခြင်းအားဖြင့် (၂)နှစ်တစ်ကြိမ် ပုံမှန် ကျင်းပသည့် ပြိုင်ပွဲအတွက်အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်မှု လွန်စွာ အားနည်းနေသည်ကိုလည်း မြင်တွေ့နေရပါသည်။

### အားကစားတိုးတက်ရေးအတွက် အမြဲထာဝရမှန်ကန်သော နိယာမသဘောတရား

အားကစားလောက ရေရှည် အောင်မြင်တိုးတက်လိုလျှင်အမြဲထာဝရ မှန်ကန်သော နိယာမ သဘောတရားများမှာ-

- လူထုအားကစား လှုပ်ရှားမှုများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်လာစေရေး စီမံဆောင်ရွက်ရမည်၊
- အားကစားနည်းအလိုက် အားကစားသမား များများရှိအောင် လုပ်ရမည်၊
- အားကစားသမား များများ ရှိလိုလျှင် နယ်ပယ်ဒေသ ကဏ္ဍစုံတွင် ပြိုင်ပွဲများ ပုံမှန် ကျင်းပပြုလုပ်ရမည်၊
- အားကစားပြိုင်ပွဲမျိုးစုံကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အားကစားကွင်း/ရုံများနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ဖန်တီးပေးရမည်၊
- ပြိုင်ပွဲဝင်အသင်းတိုင်း ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် စနစ်တကျ လူရွေးချယ်ရမည်၊
- အဆင့်မီ နည်းပြများဖြင့် ကြိုတင်ပြင်ဆင် စခန်းသွင်း လေ့ကျင့်ရမည်၊
- ကျင်းပပြုလုပ်သည့်ပြိုင်ပွဲတိုင်းတွင် ပြိုင်ပွဲအဆင့်အတန်း မြင့်မားပြီးပြိုင်ဆိုင်မှုပြင်းထန်အောင်တာဝန်ရှိသူများမှ ကြီးကြပ် စီမံ ဆောင်ရွက်ရမည်၊
- ခေတ်နှင့်အညီ တိုးတက်လာသည့် အားကစားသိပ္ပံနှင့် အားကစားလေ့ကျင့်ရေး သဘောတရားများအား မျက်ခြည်မပြတ် လိုက်ပါဆောင်ရွက်နိုင်ရမည်၊

လူထုအားကစားလှုပ်ရှားမှုများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်မှု အားနည်းခြင်းကြောင့် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှု အားနည်းနေမည်ကို သတိပြုရမည့်အပြင် ပြိုင်ပွဲတစ်ခုသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဆင့်ဆင့်သော ပြိုင်ပွဲများ ကျင်းပ ပြုလုပ်၍ လူရွေးချယ်မှုအား စနစ်တကျ မပြုလုပ်ခြင်း၊ အဆင့်မီနည်းပြများဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ ကြိုတင် ပြင်ဆင် စခန်းသွင်း လေ့ကျင့်မှုပြုလုပ်ခြင်းမရှိဘဲ ပြိုင်ပွဲများအား အဖြစ်သဘော ဝင်ရောက် ယှဉ်ပြိုင်မည် ဆိုပါက ပြည်တွင်းပြိုင်ပွဲဖြစ်စေ၊ ပြည်ပပြိုင်ပွဲဖြစ်စေ မည်သည့် ပြိုင်ပွဲမျိုးမဆို ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ခြင်း၏ ရည်ရွယ်ချက်ပျောက်ဆုံးပြီး ပြိုင်ပွဲကုန်ကျစရိတ်ဖြစ်သည့်နိုင်ငံတော်၏ဘတ်ဂျက်ရန်ပုံငွေ ဆုံးရှုံးရာ ရောက်သည်ကို သတိပြုသင့်ပါသည်။

### အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ သမိုင်းကြောင်းနှင့် မြန်မာနိုင်ငံ၏ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေ

အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအား ၁၉၈၀ ခုနှစ်မှ စတင်၍ (၂)နှစ် တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ ပထမဆုံး အိမ်ရှင်အဖြစ် ကျင်းပသောနိုင်ငံမှာ ထိုင်းနိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံးပြိုင်ပွဲတွင် တတိယ(၁)ကြိမ်၊ ၁၉၈၈ ခုနှစ် ပဥ္စမအကြိမ်ပြိုင်ပွဲတွင် တတိယ (၁)ကြိမ်ရရှိခဲ့ပြီးသည့် နောက်ပိုင်း အခြေအနေ အကြောင်းကြောင်းအရ ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ဘဲ နှစ်ပေါင်း(၂၂)နှစ်ကြာပြိုင်ပွဲနှင့် ကင်းကွာခဲ့ပြီး ၂၀၁၀ ခုနှစ်(၁၅)ကြိမ်မြောက် ကျင်းပသည့် ပြိုင်ပွဲမှသာ တစ်ကျော့ပြန် ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင်ကြေးတံဆိပ်(၂)ခုသာရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့်(၁၀) နေရာတွင်လည်းကောင်း၊ (၁၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၂)ခု၊ စုစုပေါင်း ဆုတံဆိပ်(၃)ခုဖြင့် နိုင်ငံအလိုက် အဆင့်(၈) နေရာတွင်လည်းကောင်း၊ (၁၇)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်(၃)ခု၊ ကြေးတံဆိပ်(၇)ခု၊ စုစုပေါင်း(၁၀)ခု ရရှိပြီး နိုင်ငံအလိုက်အဆင့်(၈) နေရာတွင်လည်းကောင်း၊ (၁၈)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုသာ ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၁၀)နေရာတွင်လည်းကောင်း အသီးသီးရပ်တည် နိုင်ခဲ့သည်ကို မှတ်တမ်းများအရ တွေ့ရပါသည်။

(၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအား မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့မှ (၁၉) ရက်နေ့အထိ အားကစားနည်း(၁၇) နည်းဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် အားကစားသမား (၂၀၇၈)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပြိုင်ပွဲတွင်သာ ရွှေတံဆိပ်(၂၄)ခု၊ ငွေတံဆိပ်(၂၆)ခု၊ ကြေးတံဆိပ်(၂၉)ခု၊ စုစုပေါင်း ဆုတံဆိပ်(၇၉)ခု ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၄)နေရာမှ ရပ်တည်နိုင်ခဲ့ပါသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်း အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲနှင့် (၂၂)နှစ်ကြာ ကင်းကွာခဲ့ရသော မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲများ၏ ဆုတံဆိပ်ရရှိမှု အနေအထားများကို ကြည့်ခြင်းအားဖြင့် အာဆီယံဒေသတွင်း ပြိုင်ဘက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတက္ကသိုလ်များ၏ အားကစားအဆင့်အတန်း ဆိုးဆိုးရွားရွား ကျဆင်းနေသည်မှာ သိသာ၊ မြင်သာရှိလှသဖြင့် တက္ကသိုလ်များ၏ အားကစား အဆင့်အတန်း ပြန်လည်မြင့်မား တိုးတက်စေရေးအတွက်လည်း ပညာရေးဌာနမှ တာဝန်ရှိသူများအနေဖြင့် ထိရောက်သည့် သုံးသပ်မှုများ ပြုလုပ်ပြီး ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်နေပြီ ဖြစ်ကြောင်းလည်း အကြံပြုလိုပါသည်။

### တက္ကသိုလ်များတွင် အားကစား အဆင့်အတန်း ကျဆင်းရခြင်း၏ အကြောင်းတရားများ

မြန်မာနိုင်ငံ တက္ကသိုလ်များ၏ အားကစားအဆင့်အတန်း ကျဆင်းရခြင်း၏ အကြောင်းတရားကို သုံးသပ်မည်ဆိုပါက မြန်မာ့ပညာရေးလောက အခြေခံပညာကျောင်းများ၏ အားကစားလှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို ချန်လှပ်ထား၍မရနိုင်ဟု ယူဆပါသည်။ အရှိကိုအရှိတိုင်း အမြင်ကို အမြင်အတိုင်း တင်ပြရမည်ဆိုလျှင် အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ PT ချိန်ဟု ခေါ်ဆိုသည့် အားကစားလေ့ကျင့်ချိန်တွင် အားကစားလေ့ကျင့်ခွင့် မရကြသည်မှာ နှစ်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ပညာရေးဌာနမှ ဆရာ/ဆရာမများမှ အားကစား လေ့ကျင့်ချိန် သတ်မှတ် ပေးထားသည်ဟုသာ ပြောကြားကြသော်

>>

20th ASEAN UNIVERSITY GAMES 2022
Ubonratchathani Thailand
Games for Sustainability

ဝူရှူး(ထိုက်ချီချွမ်)ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူ ပေးခဲ့သည့် မြတ်နိုးအိမ် ဆုယူနေစဉ်



လည်း အားကစားလေ့ကျင့်ချိန်များကို စာသင်ချိန်များအဖြစ် ပြောင်းလဲ ဆောင်ရွက်နေကြသည်ကို ကြားသိ မြင်တွေ့နေရပါသည်။ အားကစားနည်းအလိုက် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ဆိုသည်မှာလည်း အိပ်မက်ပမာ ကြားဖူးပါသည်ဟုသာ ပြောရမလိုဖြစ်နေပါပြီ။ ကျောင်းသားများ အားကစားလှုပ်ရှား ဆောင်ရွက်ခွင့် ဆုံးရှုံးနေကြသည်ကို မည်သူနှင့်မျှ မဆိုင်သလို မနေသင့်တော့ဟုလည်း ရှုမြင်မိပါသည်။

အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များ၏ အားကစားလှုပ်ရှား ဆောင်ရွက်မှုများသည် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်ရေးအတွက် အဓိကအခြေခံ အုတ်မြစ်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှား အားကစားမှသည် ကျန်းမာကြံ့ခိုင်ခြင်း ဆီသို့ ဦးတည်၍ ကျန်းမာကြံ့ခိုင်သော ကျောင်းသား/ကျောင်းသူများသည် မိမိဝါသနာပါရာ အားကစားနည်းကို လေ့လာလိုက်စားရာမှ ကျောင်းသားအဆင့်၊ ထိုမှတစ်ဆင့် တက္ကသိုလ်အဆင့်၊ ၎င်းမှ နိုင်ငံ့လက်ရွေးစင်အဆင့်သို့ ရောက်ရှိလာမည့်သူများဖြစ်သည်ကိုလည်း မေ့မထားသင့်ပါ။

ကျောင်းနေအရွယ် ကလေးသူငယ်များ အားကစားလှုပ်ရှားဆောင်ရွက်ခွင့်ဆုံးရှုံးနေရခြင်းကို အကြောင်းပြချက်အမျိုးမျိုးဖြင့် ပြောဆိုနေကြသော်လည်း "ပညာရေးစနစ်"တွင် စဝရာခိုင်နှုန်း မှုတည်နေသည်ကို ၁၉၉၉ ခုနှစ်နောက်ပိုင်းမှ ခေတ်စားလာသော Private School များတွင် PE Department ရှိပြီး သူ့အတန်းနှင့်သူ Timetable အရ အားကစားချိန် သတ်မှတ်ထားရှိပြီး ဘာသာရပ်တစ်ခုအဖြစ် လုပ်ဆောင်နိုင်ခြင်းနှင့် ချိန်ထိုး၍ ထောက်ပြလိုခြင်းဖြစ်ပါသည်။ အထက်တန်းကျောင်းတစ်ကျောင်းလျှင် အားကစားလုပ်ဆောင်ရန်အတွက်အထက်တန်းပြ ကာယဆရာတစ်ဦးသာ ခန့်ထားခြင်းစနစ်သည် အဖြစ်သဘောဆောင်နေသည်ဟုလည်း သုံးသပ်မိပါသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် အားကစားအဆင့် ထိပ်တန်းက ရပ်တည်နေသည့် ထိုင်းနိုင်ငံ အားကစားဝန်ကြီးက ထိုင်းနိုင်ငံအနေဖြင့် အာရှအဆင့်ကို ထိထိရောက်ရောက် မထိုးဖောက်နိုင်သေးသည်မှာ အခြေခံကျောင်းများတွင် လိုအပ်နေသည့် ကာယဆရာ/ ဆရာမ သုံးသိန်းအား ပြည့်ပြည့်ဝဝ ခန့်ထားပေးနိုင်ခြင်းမရှိတဲ့ အင်အားတစ်သိန်း ငါးသောင်းခန့်သာ အစိုးရမှ ခန့်ထားပေးခြင်းကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ကြားသိခဲ့ရပါသည်။ မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်း တော်တော်များများတွင် ကာယဆရာ/ဆရာမ လွန်စွာနည်းပါးခြင်း၊ ကာယဆရာ/ဆရာမရှိသည့် ကျောင်းများတွင်လည်း အားကစားလှုပ်ရှားမှုများအား ဆောင်ရွက်ခွင့်မရခြင်း၊ အားကစား အထောက်အကူပြုပစ္စည်းများ၊ အားကစားကွင်း၊ အားကစားရုံများ ပြည့်စုံစွာမရှိခြင်းများနှင့် ကျန်ဆရာ/ ဆရာမများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းများကြောင့် ကာယဆရာ/ ဆရာမ အများစုမှာ သင်ကြားရေးလိုင်းဘက်သို့ ပြန်လည်ပြောင်းရွှေ့ကြကြောင်းလည်း သိရှိရသည်။ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အားကစား လှုပ်ရှားဆောင်ရွက်ခွင့် မရရှိပါက ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံသူများ ဖြစ်လာစေရန် မည်သို့ ပြုစုပျိုးထောင်ကြပါမည်နည်း။ "ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်သည့်သူများကိုသာ နိုင်ငံ့သားကောင်း"ဟု ခေါ်ဆိုရမည်ဖြစ်ကြောင်း မှတ်သားဖူးပါသည်။ ဤသို့ဆိုလျှင် နိုင်ငံအတွက် နိုင်ငံ့သားကောင်းများကို ပညာရေးဌာနအနေဖြင့် မည်သို့ ပြုစုပျိုးထောင်ကြပါမည်နည်းဟုလည်း တွေးတော ဆင်ခြင်မိပါသည်။




## ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ ချိုတိုဆဲ အလယ်တန်းကျောင်းအား လေ့လာခဲ့မှု အခြေအနေ

ဂျပန်နိုင်ငံတွင် ကျင်းပသည့် Asian Junior Sports Exchange Games ပြိုင်ပွဲသို့ သွားရောက် ခဲ့စဉ်က တိုကျိုမြို့ရှိ ချိုတိုဆဲ အလယ်တန်းကျောင်းသို့ သက်ဆိုင်ရာနိုင်ငံ၏ စီစဉ်ပေးမှုဖြင့် လေ့လာခွင့်ရခဲ့ပါသည်။ ချိုတိုဆဲအလယ်တန်းကျောင်းသို့ ရောက်ရှိစဉ် နွေရာသီကျောင်း ပိတ်ရက်နှင့် တိုက်ဆိုင်နေသော်လည်း ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပါသည်။ ကျောင်းအတွင်း လေ့လာရန် နေရာ(၄)နေရာ သတ်မှတ်ထားပြီး သက်ဆိုင်ရာနေရာများသို့ အတန်းလိုက် ကျောင်းသားခေါင်းဆောင်များမှ ဦးဆောင်၍ ခေါ်ယူသွားခဲ့ပါသည်။ လေ့လာရေးအဖွဲ့ဝင်များ အချိန်တိုအတွင်း လေ့လာနိုင်ရန်လည်း လေ့လာရေးအဖွဲ့များအား အဖွဲ့(၄)ဖွဲ့ ခွဲစေပြီး သတ်မှတ်နေရာများသို့ လေ့လာစေခဲ့ပါသည်။ ပထမဦးဆုံး လေ့လာခွင့်ရသည့်နေရာမှာ ကျောင်းသား/ကျောင်းသူများမှ အနောက်တိုင်းတီးဝိုင်းဖြင့် သီချင်း(၄)ပုဒ်အား သီဆိုဖျော်ဖြေခဲ့ကြခြင်းဖြစ်ပါသည်။ သီချင်းတစ်ပုဒ်ပြီးတိုင်း ကျောင်းသား/ကျောင်းသူများမှ တူရိယာပစ္စည်းများအား တစ်မျိုးစီ ချိန်းပြောင်းကိုင်တွယ်ပြီး သီဆို တီးမှုတ် ဖျော်ဖြေခဲ့ကြရာ ကျောင်းသား/ကျောင်းသူများ၏တူရိယာပစ္စည်းများအား ကျွမ်းကျင်စွာ ကိုင်တွယ် တီးမှုတ်နေကြသည်ကို ကြည့်ရှုရင်း ကြည်နူးကျေနပ်ခဲ့ရသည်။

အလားတူ အခြားဂျပန်ရိုးရာ စက္ကူခေါက်နည်းများ၊ ဂျပန်ရိုးရာ အားကစားနည်းများနှင့် ဂျပန်ရိုးရာ ဝါးရွက်လွှာက်ရည်ကြမ်းဝိုင်း တည်ခင်းဧည့်ခံပုံတို့ကို လေ့လာခွင့်ရခဲ့သည်။ ကျောင်းပိတ်ရက်ပင် ဖြစ်လင့်ကစား ကျောင်းအားကစားကွင်းတွင် ကျောင်းသားများ လာရောက် လေ့ကျင့် ကစားနေကြသည်ကို တွေ့ရှိရသဖြင့် မေးမြန်းကြည့်ရာ ကျောင်းပိတ်ရက်ဖြစ်၍ အားလပ်ချိန်တွင် လာရောက် စုပေါင်းကစားကြခြင်းဖြစ်ကြောင်း သိရှိရပြီး၊ ကျောင်းဖွင့်ရက်များတွင်လည်း အတန်းလိုက် သတ်မှတ်ချိန်များအတိုင်း လွတ်လပ်ပျော်ရွှင်စွာ ကစားခွင့်ပြုထားကြောင်း သိခဲ့ရသည်။ မြန်မာနိုင်ငံမှအခြေခံပညာကျောင်းသား/ကျောင်းသူများအနေဖြင့် ဟိုးယခင်ကကဲ့သို့ စိတ်နှလုံးနူးညံ့စေမည့် ဂီတအနုပညာကိုလည်း လေ့လာသင်ယူခွင့်မရ၊ ရိုးရာဓလေ့များအား မြတ်နိုးတန်ဖိုးထားလာတတ်စေရေး အတွက် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ဖြစ်သည့် ရိုးရာအားကစားနည်းများကိုလည်း သင်ယူခွင့်မရ၊ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ဇေရေး အပါအဝင် ဗလငါးတန်နှင့် ပြည့်စုံစေမည့် ကိုယ်လက် လှုပ်ရှား အားကစားကိုလည်း ပြုလုပ်ခွင့်လည်းမရ၊ အခြားတစ်ဘက်ကို ကြည့်ပြန်လျှင် ကျောင်းသား တစ်ဦးချင်းစီ၏ စည်းကမ်း လိုက်နာမှု၊ ဆရာ/ ဆရာမများအပေါ် ကျိုးနွံရှိသေစွာ ပြောဆိုဆက်ဆံမှု၊ ကျောင်းသား/ကျောင်းသူအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပြောဆိုဆက်ဆံမှု၊ အတန်းခေါင်းဆောင်၏ ဦးဆောင်မှုအောက်

တွင် အားလုံးတက်ညီလက်ညီလိုက်ပါဆောင်ရွက်ကြပုံများကို ကြည့်ရင်း ငယ်စဉ် ကျောင်းသားဘဝကို ပြန်လည်တမ်းတမိပြီး စိတ်မကောင်းခြင်းများစွာဖြစ်မိပါသည်။ သည်လို အခြေအနေမျိုး ပြန်ရောက်အောင် ဘယ်လိုတွေ ပြုပြင် ဆောင်ရွက်ကြမလဲဆိုသည့် မေးခွန်းကို မိမိကိုယ်မိမိ ပြန်မေးမိပြီး သက်ပြင်း အကြိမ်ကြိမ် ချမိသည်။

မြန်မာနိုင်ငံတွင် တရားဝင်ဖွင့်ခွင့်ရရှိသော ကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် International School များတွင်ပင်လျှင် PE ချိန် ထည့်သွင်း၍ ကျောင်းသား/ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားချိန် ထည့်သွင်းပေးထားခြင်း၊ ကျောင်းတွင်း Colour House ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ PE ဘာသာရပ်အား ကျောင်းသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်း သတ်မှတ်ထားခြင်းများရှိသော်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ထိထိရောက်ရောက် တွန်းအားပေး ဆောင်ရွက်ခြင်း မရှိသည့်အပေါ်လည်း နိုင်ငံသားတစ်ယောက်အနေဖြင့် အားမလို အားမရ ဖြစ်မိသည်။

## မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် National Sports Seminar တွင် အလွှာပေါင်းစုံမှ တက်ရောက်ဆွေးနွေးခဲ့

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း National Sports Seminar ကျင်းပ ပြုလုပ်ခဲ့သည်။ အဆိုပါ Seminar တွင် ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်များမှ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်မှ သက်ဆိုင်ရာ ကော်မတီဝင်များ၊ ဝန်ကြီးဌာနများမှ အားကစားကော်မတီဝင်များ၊ အားကစားကျွမ်းကျင်သူများ၊ အားကစားဌာနမှမြို့နယ်အားကစားမှူးနှင့်အထက် တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများနှင့် မီဒီယာလောကသားများ အပါအဝင် အလွှာပေါင်းစုံမှ စုံညီစွာ တက်ရောက်ခဲ့ကြပြီး တတ်သိပညာရှင်များနှင့် အားကစားရေးရာ သိမြင်နားလည်မှုများမှ သက်ဆိုင်ရာစာတမ်းများအား ဖတ်ကြားဆွေးနွေး တင်ပြခဲ့ကြသည်။ ဆွေးနွေးချက်များမှ ပေါ်ထွက်လာသည့် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အချက်ပေါင်း များစွာရှိသည့်အနက် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့်၊ ဆောင်ရွက်သင့်သည့် Outcomes များ ပေါ်ထွက်လာခဲ့သည်။

## Seminar တွင် ပညာရေးဌာနမှ ဆောင်ရွက်ရမည့် အကြံပြုချက် (Outcomes) များ

Seminar မှ ထွက်ပေါ်လာသည့် Outcomes များအား မှတ်မိသလောက်တင်ပြရလျှင် အခြေခံပညာကျောင်းများ၌ လက်ရှိသတ်မှတ်ပေးထားသည့် ကာယအချိန်များတွင် ကိုယ်လက်လှုပ်ရှားကစားခွင့်ပေးရန်၊ ကာယပညာကို ဘာသာရပ်တစ်ခုအဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်ရန်၊ လစ်လပ်နေသည့် ကာယဆရာ/ဆရာမများ နေရာတွင် အရည်အချင်းပြည့်မီသည့် ကာယဆရာ/ဆရာမများ ဖြည့်ဆည်းခန့်ထားပေးရန်၊ ကာယနည်းပြသင်တန်းများနှင့် ကာယနည်းပြမွမ်းမံသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊ အားကစားလုပ်ဆောင်ခြင်းဖြင့် ပညာရေးကို ထိခိုက်သည်ဟူသော အတွေးအားမိဘနှင့်ဆရာ/ဆရာမများအကြား မရှိစေရေး ပညာပေး ဆောင်ရွက်ရန်၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များတွင် မြေနေရာရရှိမှုအပေါ် မူတည်၍ အားကစားကွင်း၊ အားကစားရုံများ ဖော်ထုတ်တည်ဆောက်ပေးခြင်း၊ လက်ရှိအားကစားကွင်း၊ အားကစားရုံများအား အဆင့်မြှင့်တင် ပြုပြင်ပေးခြင်းများ ဆောင်ရွက်ရန်၊ ကျောင်းတွင်း အားကစားပြိုင်ပွဲများမှသည်မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများမှသည် ကျောင်းသားအားကစားပွဲတော်များထိ အဆင့်ဆင့်ကျင်းပပြုလုပ်ပေးရန်၊ ကျောင်းသားအားကစားပွဲတော်မှ အလားအလာရှိသူများအား ရွေးချယ် လေ့ကျင့်၍ ASEAN School Games ပြိုင်ပွဲတွင် အဆင့်မြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ရန်၊ တက္ကသိုလ်/ကောလိပ်များတွင်လည်း ဘာသာရပ်အလိုက်အားကစားပြိုင်ပွဲများအဆောင်လိုက် အားကစားပြိုင်ပွဲများမှသည် တက္ကသိုလ်/ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများအထိ အဆင့်ဆင့်ကျင်းပ၍ အလားအလာရှိသူများအား စုစည်းရွေးချယ်ပြီး ASEAN University Games ပြိုင်ပွဲများတွင် အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ရန်နှင့် အားကစားထူးချွန်သည့်ကျောင်းသား/ကျောင်းသူများအတွက် ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ချီးမြှင့်ဂုဏ်ပြုခြင်းများ ဆောင်ရွက်ပေးရန်စသည့်အချက်များ ပါရှိပါသည်။



လာအိုအသင်းကို ပင်နယ်တီဖြင့်အနိုင်ရခဲ့ပြီး တတိယ(ကြေးတံဆိပ်)ဆုရရှိခဲ့သည့်မြန်မာအသင်း

## Outcomes များအပေါ် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်းတင်ပြလို

National Sports Seminar မှ ထွက်ပေါ်လာသည့် Outcomes များအား ပညာရေးဌာနမှ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုပါလျှင် နောင်လာမည့် ASEAN School Games နှင့် ASEAN University Games များတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်မီမီ ဝင်ရောက် ယှဉ်ပြိုင်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ပညာရေးဌာနမှ တာဝန်ရှိသူများအနေဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း အလေးအနက် တိုက်တွန်း တင်ပြလိုပါသည်။

## အားကစားနည်း (၄)မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအပေါ် သုံးသပ်ခြင်း

မြန်မာနိုင်ငံအနေဖြင့် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲတွင် အားကစားနည်း(၄)မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအပေါ် မိမိတစ်ဦးတည်း၏ အမြင်ဖြင့် သုံးသပ်ရမည်ဆိုလျှင် အားကစားပြိုင်ပွဲများကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ရရှိမှုတစ်ခုတည်းအပေါ်တွင်သာမူတည်ခြင်းမဟုတ်ဘဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ဒေသန္တရဗဟုသုတရ၍ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် တိုးတက်အောင် ဆောင်ရွက်လိုသော စိတ်ဓာတ်များ ဖြစ်ပေါ်စေခြင်း၊ အားကစားသမားအချင်းချင်း ချစ်

စာမျက်နှာ(၄၅)သို့

# (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ မြန်မာအမျိုးသားလေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ထွက်ခွာ

ရန်ကုန်၊ ဇူလိုင်လ(၂၆)ရက်။

ဇူလိုင်(၃၀)ရက် မှ ဩဂုတ်(၆)ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင် ကျင်းပပြုလုပ်မည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ နံနက်(၄)နာရီအချိန်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှမြန်မာအမျိုးသားလေကြောင်း စင်းလုံးငှား လေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့သို့ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး တို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် မှ ပြေးခုန်ပစ်၊ မြားပစ်၊ Goalball ၊ ရေကူး၊ 7-a side ဘောလုံး၊ ထိုင်လျက်ဘော်လီဘော၊ အလေးမစသည့် အားကစားနည်းခုနစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့တွင် ဖိတ်ကြားခံ ပုဂ္ဂိုလ်(၃)ဦး၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့် ဦးဆောင်သော အုပ်ချုပ်သူများ/နည်းပြများ၊ ဒိုင်လူကြီးများနှင့် မသန်စွမ်းအားကစားသမားများ လိုက်ပါ သွားကြကြောင်း သိရှိရသည်။ ■














စာမျက်နှာ(၃၇) ···မှစာဆက်

ရရှိသော ပြိုင်ပွဲဝင်မယ်များအားလည်းကောင်း ဆုတံဆိပ်နှင့်ငွေသားဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်းနှင့် ၇၅ ကီလိုတန်းအထက် ကာယဗလမောင်ပြိုင်ပွဲMan Sport Physique ပြိုင်ပွဲ၊ ၅ ပေ ၃ လက်မအောက် နှင့် ၅ ပေ ၃ လက်မအထက် မယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် FITNESS PHYSIQUE မယ်ပြိုင်ပွဲများ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ■

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်၊ ဇူလိုင်လ (၂)ရက်။

၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ အောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် လူတွေ့စစ်ဆေးခြင်း၊ ပွဲစဉ်ဇယားရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် (၁၀း၀၀)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပ ပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်/နည်းပြများနှင့် ကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ ဝန်ကြီးဌာန အသီးသီးမှ ပြိုင်ပွဲဝင် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှု အားပေး နှုတ်ဆက်ခဲ့ပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ အမှာစကားပြောကြားရာတွင် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ၂၀၀၇ ခုနှစ်မှ စတင်၍ ယနေ့အချိန်ထိ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ယခင်နှစ်များတွင် ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲအား ဝန်ကြီးဌာနပေါင်းစုံ သီးသန့်ပြိုင်ပွဲအပြင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲအဖြစ် ထည့်သွင်းကျင်းပပေးခဲ့ပါကြောင်း၊ (National Fitness) ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ဝန်ထမ်းများတက်ကြွရှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထမ်းဆောင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် ပြိုင်ပွဲကျင်းပပြုလုပ်မည့် အစီအစဉ်များ၊ စည်းမျဉ်း/စည်းကမ်းများကို ဝန်ကြီးဌာနများသို့ ကြိုတင်ဖြန့်ဝေ ပေးထားပြီးဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် ဝန်ကြီးဌာန အမျိုးသားအသင်း(၂၃)သင်းနှင့် အမျိုးသမီးအသင်း (၁၀)သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဌာနဆိုင်ရာ ပြိုင်ပွဲဝင်အသင်းများကို ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်း/စည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ရာ ပြိုင်ပွဲဝင် ဝန်ကြီးဌာနအသင်း အုပ်ချုပ်သူများမှအသီးသီး ဆွေးနွေး တင်ပြခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။ ■









# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော်၊ ဇူလိုင်လ(၄)ရက်။

မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်း ကော်မတီ ပထမအကြိမ် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် (၁၀း၀၀)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လူငယ်ရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်၊ လူငယ်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီဝင် ညွှန်ကြားရေး မှူးချုပ်များ၊ လူငယ်ရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွှန့်၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ မြန်မာနိုင်ငံ ကြက် ခြေနီအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြ ပါသည်။

ရှေးဦးစွာ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်နေသော လုပ်ငန်းများ အရှိန်အဟုန် မပျက် ဆောင်ရွက်နိုင်စေရန်အတွက်နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီမှ မြန်မာ နိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီကို လည်းကောင်း၊ မြန်မာနိုင်ငံလူငယ် ရေးရာလုပ်ငန်းကော်မတီကို လည်း ကောင်း၊ နေပြည်တော်ကောင်စီ အပါ အဝင် ပြည်နယ်/တိုင်းဒေသကြီးများ တွင် လူငယ်ရေးရာကော်မတီများကို လည်းကောင်း အသီးသီးဖွဲ့စည်းထား ရှိပြီးဖြစ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင် သော ကြီးမားသည့် လူ့စွမ်းအားအရင်း အမြစ်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းများတွင် ထူးခြားသော အင်အားစုတစ်ရပ် ဖြစ်ပါကြောင်း၊ လူငယ်ရေးရာ ဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှ ချမှတ်ပေးထားသော မူဝါဒ (၇)ရပ်၊ ရည်မှန်းချက်(၇)ရပ်၊ လုပ်ငန်း စဉ်(၁၀)ရပ်တို့နှင့်အညီ လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ ကို အောင်မြင်စေရန် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း၊ နေပြည်တော်ကောင်စီ အပါ အဝင် ပြည်နယ်/တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီများမှ လုပ်ငန်း ဆောင်ရွက်ချက်များအား လူငယ် ရေးရာဗဟိုကော်မတီသို့ အချိန်နှင့် တစ်ပြေးညီ တင်ပြနိုင်ရေး အလေး ထား ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်နှင့် လိုက်လျောညီထွေရှိစေရေး ခေတ်စနစ်နှင့် ကိုက်ညီမှု ရှိ/မရှိ ပြန်လည် သုံးသပ် ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပြီး မြန်မာ နိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ ၏ လုပ်ငန်းတာဝန်များအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသ














>>

ကြီး/ ပြည်နယ် အစိုးရအဖွဲ့များအကြား၊ လူမှုအဖွဲ့အစည်းများနှင့် လူငယ်များအကြားပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများကို လုပ်ထုံး/လုပ်နည်းများနှင့်အညီ ဖော်ဆောင်နိုင်ရေးဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟို ကော်မတီ နှင့် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာ ကော်မတီတို့ကြား ဆက်စပ် ဆောင်ရွက်ပေးသွားရန်၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်၊ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး အတွက် အဖွဲ့ဝင်အားလုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) (၂၀၁၈-၂၀၃၀)၏ မဟာဗျူဟာများ၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များနှင့် ချိတ်ဆက် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခု အစည်းအဝေးမှ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး လူငယ်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက ဦးစီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဓိကကဏ္ဍများ၊ အာဆီယံတွင် လူငယ်ရေးရာ ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို အရှိန်အဟုန်မပျက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြခဲ့မှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ခြုံငုံသုံးသပ် ဖြည့်စွက် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။











■

စာမျက်နှာ(၄၁)…မှစာဆက်

ကြည်ရင်းနှီးမှု ရရှိ၍ လူမှုရေးနယ်ပယ်ကျယ်ပြန့်စေခြင်း၊ ပြိုင်ပွဲမှတစ်ဆင့် အနိုင်မခံ၊ အရှုံးမပေးသော စိတ်ဓာတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်ရှည်သည်းခံခွင့်လွှတ်မှု၊ ပူးပေါင်း ဆောင်ရွက်တတ်မှုစသည့် ဘဝအတွက် အရေးပါသော အလေ့အကျင့်ကောင်းများကို ဖြစ်ပေါ်စေသည့်အတွက် အလားအလာရှိသော အားကစားနည်းများကိုလည်း မြေတောင် မြှောက်ပေးရန် မဖြစ်မနေလိုအပ်ပါသည်။ ထိုသို့မဟုတ်လျှင် မနိုင်၍မပြိုင်ရာမှမပြိုင်သည့်အားကစားနည်းများ တိုးတက်ပြန့်ပွားမှု မရှိတော့ခြင်းနှင့် အားကစားသမား ပျောက်ဆုံးသွားခြင်းများ ဖြစ်သွားနိုင်သည်ကိုလည်း တာဝန်ရှိသူများအနေဖြင့် သတိပြုသင့်ပါသည်။ ထို့ပြင် နိုင်ငံအသီးသီးမှလည်း မြန်မာ့တက္ကသိုလ် အားကစားအဆင့်ကို ဝေဖန်စရာ ဖြစ်ပေါ်နိုင်သလို ပြည်တွင်း/ပြည်ပ မီဒီယာများမှလည်း လိုရာကိုဆွဲ၍ ဘက်ပေါင်းစုံမှ မျိုးစုံဝေဖန်ရေးသားမှုများ ရှိလာနိုင်သည့်အတွက် နိုင်ငံတော်၏ပုံရိပ်ကို ထိခိုက်နိုင်သည်အထိ ဖြစ်ပေါ်လာနိုင်သည်ကိုလည်း သတိပြုသင့်ပါသည်။

## အားကစားဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်စေဖို့

ASEAN School Games, ASEAN University Games, SEA Games နှင့် ASIAN Games ပြိုင်ပွဲများသည် နိုင်ငံတော်အား ကိုယ်စားပြု၍ သွားရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်သည့်အတွက် အားကစားဖြင့် နိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ဖို့ဆိုလျှင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စိတ်ဓာတ်ကြံ့ခိုင်၍ အားကစားစိတ်ဓာတ် ပြည့်ဝပြီး အရည်အချင်းရှိသော မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်နိုင်ရေးအတွက် ပြိုင်ပွဲများကျင်းပနိုင်ရေးကို စနစ်တကျ စီမံကိန်းများ ရေးဆွဲ ဆောင်ရွက်ရန် လိုအပ်ပြီး နည်းစနစ်၊ နည်းဗျူဟာ ကျွမ်းကျင်ရေးအတွက် သက်ဆိုင်ရာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့်လည်းကောင်း၊ ကြိုတင်စခန်းသွင်းလေ့ကျင့်ခြင်းအတွက် လိုအပ်သည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် အားကစားကွင်း/အားကစားရုံများရရှိရေးကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်လည်းကောင်း ကြိုတင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါလျှင် ကာလတိုအတွင်း ဆုတံဆိပ်အရေအတွက်များပြားစွာ တိုးတက်ရရှိရန် ခက်ခဲနိုင်မည်ဖြစ်သော်လည်း ပြိုင်ပွဲတိုင်းတွင် အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။

ကိုငွေး(ကနောင်)

■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများ ကျင်းပနေမှုအား တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ (၄)ရက်။

ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင် ဖြစ်





စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် (၈:၀၀)နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်လျက်ရှိသော(အမျိုးသား/



အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီးပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းမှ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ရလဒ်ဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ရလဒ်ဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပညာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ် ရလဒ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ် ရလဒ်ဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို (၃)ပွဲ(၂)ပွဲ ရလဒ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ် ရလဒ်ဖြင့်လည်းကောင်း ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများအား ကြည့်ရှုအားပေးခဲ့ကြပါသည်။

★





(၁၃-၇-၂၀၂၂)ရက်နေ့တွင် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရေကူးကန်တည်ဆောက်ခြင်းလုပ်ငန်း၊ ကျောင်းဝင်းအရှေ့ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်း အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းအား အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးဦးထွန်းထွန်းဦး နှင့်တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုစစ်ဆေး

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းသုံးယောက်တွဲ(အမျိုးသား)အသင်းလိုက်ပြိုင်ပွဲများ ဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

● နေပြည်တော်၊ ဇူလိုင်လ(၇)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပလျက်ရှိရာ ယနေ့ နံနက်(၈း၀၀)နာရီမှစတင်၍ သုံးယောက်တွဲ အသင်းလိုက် (အမျိုးသား)ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရှမ်းပြည်နယ်အသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော် ကောင်စီနယ်မြေအသင်းမှ ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြပါသည်။

ဆက်လက်၍ သုံးယောက်တွဲ အသင်းလိုက် (အမျိုးသား) တတိယလုပွဲ ပွဲစဉ်အဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းမှ ရှမ်းပြည်နယ်အသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် နေပြည်တော် ကောင်စီနယ်မြေအသင်းမှ စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၂)ပွဲ(၁)ပွဲ ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့မှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် နှင့် တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်း အားကစား ဝါသနာရှင်များမှ တက်ရောက် ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိပါသည်။






★

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲများ ကြည့်ရှုအားပေး

● နေပြည်တော်၊ ဇူလိုင်လ(၇)ရက်။

၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပလျက်ရှိရာ ယနေ့ နံနက်(၈း၀၀)နာရီမှ စတင်၍ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပညာရေး ဝန်ကြီးဌာနအသင်းမှ ကျန်းမာရေး ဝန်ကြီးဌာနအသင်းကို (၃)ပွဲ ပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာန အသင်းမှ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်း ကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းမှ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်း ကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းမှ ကျန်းမာရေးဝန်ကြီးဌာန အသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့မှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်နှင့်တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာဝန်ထမ်းများမှ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။







★

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ဂျူဒို ဒိုင်လူကြီးနှင့်နည်းပြမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၂)ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော်၊ ဇူလိုင်လ(၁၁)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့်အားကစားနှင့်ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂျူဒိုဒိုင်လူကြီးနှင့် နည်းပြမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်(၉:၀၀)နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့်တာဝန်ရှိသူများ၊ သင်တန်း နည်းပြဆရာများနှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်ပြီး သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား/သင်တန်းသူများမှ တစ်ဦးချင်း ဂါရဝပြုမိတ်ဆက်ခဲ့ကြပါသည်။

ထို့နောက်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများ၊ ဥပဒေ/နည်းဥပဒေများ၊ နည်းစနစ်များနှင့် အမှတ်ပေးစနစ်များကို သေချာစွာ သိရှိနားလည်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း၊ ဒိုင်လူကြီးနှင့် နည်းပြများအနေဖြင့် သင်တန်းကာလအတွင်း သင်ကြားပို့ချပေးသော သင်ခန်းစာစာတွေ့/လက်တွေ့များကို သေချာစွာ အာရုံစူးစိုက်၍ လေ့လာသင်ယူပြီး အပြန်အလှန် ဆွေးနွေးလေ့ကျင့်သင်ကြားကြရန် မှာကြားလိုကြောင်း၊ သင်တန်းမှ မိမိတို့ သင်ကြားတတ်မြောက်ခဲ့သည်များကို မိမိတို့၏ အားကစားသမားများအား လက်ဆင့်ကမ်းပြန်လည်သင်ကြားပေးခြင်းဖြင့် အားကစားသမားများ၏ အားကစားအရည်အသွေး တိုးတက်မြင့်မားလာမှာဖြစ်ပြီး ထူးချွန်ထက်မြက်၍ အရည်အချင်းရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်နိုင်မှာ ဖြစ်ပါကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီး နှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများတွင် တာဝန်ယူဆောင်ရွက်နေသော နည်းပြဆရာများအနေဖြင့် အရည်အသွေးပြည့်မီသော မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးမှာ အလွန်အရေးကြီးကြောင်း၊အပြည့်ပြည့်











>>






ဆိုင်ရာ ဒိုင်လူကြီးသင်တန်းများတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ (A)လိုင်စင်ရရှိသူ (၇)ဦး၊ (B) လိုင်စင်ရရှိသူ(၁)ဦးအထိ တက်ရောက် အောင်မြင်ခဲ့ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဒိုင်လူကြီးတာဝန်ကို (၂)ဦးနှုန်းဖြင့် သွားရောက် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာကြသော သင်တန်းသား/ သင်တန်းသူများအနေဖြင့် မိမိတို့ သင်ကြား တတ်မြောက်ခဲ့သည်များကို မိမိတို့ တာဝန်ကျရာ ပြည်နယ်/တိုင်းဒေသကြီးများတွင် ဆင့်ပွားသင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် လာမည့် ပြည်နယ်/ တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ခတ (KATA) ပြိုင်ပွဲ နှင့် အသင်းလိုက် (TEAM ) ပြိုင်ပွဲများတွင်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် မိမိအသင်းများအား စနစ်တကျလေ့ကျင့်ပေးပြီး အဆင့်မြင့်မြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဂျူဒိုအားကစားနည်းဖြင့် ရှေ့လာမည့် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်စေရန် နည်းပြများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာဖြင့် ဆတက်ထမ်းပိုး ဆက်လက်ကြိုးပမ်း လေ့ကျင့်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားခဲ့ပြီး သင်တန်းသား/သင်တန်းသူများ နှင့် စုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကူးကာ အခမ်းအနားအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါသင်တန်းအား ဇူလိုင်လ (၁၁)ရက်မှ(၂၂)ရက်အထိနေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ရှိ Multipurpose Hall ၌ သင်တန်းသား(၃၅)ဦး၊ သင်တန်းသူ (၁၀)ဦး စုစုပေါင်း အင်အား(၄၅)ဦးကို ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ KODOKAN JUDO INSTITUTE တွင် နည်းပြသင်တန်းများ တက်ရောက်အောင်မြင်ထားသည့်နည်းပြဆရာများမှ သင်ကြားပို့ချပေးသွားမည် ဖြစ်ပါသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ကျင်းပပြုလုပ်လျက်ရှိသော ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၁၂)ရက်။

၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး)ဘော်လီဘော (၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှု ယှဉ်ပြိုင်အနိုင်ရရှိခဲ့မှုများကိုအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊










ပြိုင်ပွဲကို ယနေ့ နံနက်(၈း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပလျက်ရှိရာ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ပြည်ထောင်စု ရာထူးဝန်အသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းမှ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို (၃)ပွဲ(၁)ပွဲဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ စွမ်းအင်ဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဘော်လီဘော အားကစား ဝါသနာရှင်များ ကြည့်ရှု အားပေးခဲ့ကြပါသည်။

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော်၊ ဇူလိုင်လ(၁၂)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ နံနက်(၈း၀၀)နာရီမှစတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပလျက်ရှိရာ နှစ်ယောက်တွဲ အဖွဲ့လိုက်(အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြပါသည်။

ဆက်လက်၍ နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသား) ကွာတားဖိုင်နယ် ပွဲစဉ်များကို ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို (၂)ပွဲ(၁)ပွဲ ဖြင့်ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊







အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းကကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းကနေပြည်တော်ကောင်စီနယ်မြေအသင်းကို (၂)ပွဲပြတ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို(၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို (၂)ပွဲ(၁)ပွဲ ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအသင်းကမွန်ပြည်နယ်အသင်းကို(၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ နှစ်ယောက်တွဲအဖွဲ့လိုက် (အမျိုးသမီး) မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို (၂)ပွဲပြတ် ဖြင့်လည်းကောင်းအသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့မှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် နှင့် တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်းအားကစားဝါသနာရှင်များမှ တက်ရောက် ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

လေ့ကျင့်မှ ကျွမ်းကျင် ကျွမ်းကျင်မှ ယုံကြည်
ယုံကြည်မှ ရဲရင့် ရဲရင့်မှ အောင်ပွဲဆင်

လူငယ်အင်အား စွမ်းပကားဖြင့်
နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း နှစ်ယောက်တွဲနှင့်သုံးယောက်တွဲ အဖွဲ့လိုက် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများ ဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၁၃)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ နံနက်(၈း၀၀)နာရီမှစတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပလျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ ကြည့်ရှု အားပေးခဲ့ပါသည်။

ယနေ့ ယှဉ်ပြိုင်ကြသည့် နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသား) ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း အနိုင်ရရှိပြီး တတိယလုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲ(၁)ပွဲဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း အနိုင်ရရှိပြီး ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့်တတိယဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အသီးသီးရရှိခဲ့ကြပါသည်။

ဆက်လက်၍ နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရေဝတီတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်းအနိုင်ရရှိပြီး တတိယလုပွဲ ပွဲစဉ်တွင် ရေဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို မွန်ပြည်နယ်အသင်းနှင့် တတိယဆုကို ရေဝတီတိုင်းဒေသကြီးအသင်းမှ အသီးသီးရရှိခဲ့ကြပါသည်။

ထို့နောက် သုံးယောက်တွဲ အဖွဲ့လိုက်(အမျိုးသား)ပြိုင်ပွဲ အုပ်စု ပတ်လည်ပွဲစဉ်များကို ဆက်လက် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော် ကောင်စီနယ်မြေအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရေဝတီတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို(၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရေဝတီတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ နေပြည်တော် ကောင်စီ နယ်မြေအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။







ဆက်လက်၍ သုံးယောက်တွဲ အဖွဲ့လိုက်(အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များတွင်လည်း ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို(၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက နေပြည်တော်ကောင်စီနယ်မြေအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်း ဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ရေဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြပါသည်။

■

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၈)ရက်။

၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘော








ပြိုင်ပွဲကို ယနေ့ နံနက်(၈း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရှိ ကျင်းပလျက်ရှိရာ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အသင်းမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း ကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းမှဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနအသင်းမှ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်းအသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့မှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဘော်လီဘော အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြပါသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၉)ရက်။

၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့ နံနက် (၈း၀၀)နာရီမှ








စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရှိ ကျင်းပလျက်ရှိရာ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များတွင်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အသင်းမှ ပြည်ထောင်စု ရာထူးဝန်အသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲ (၁)ပွဲဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့မှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြပါသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း နှစ်ယောက်တွဲ (အမျိုးသား)အသင်းလိုက်ပြိုင်ပွဲများ ဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၁၀)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ နံနက်(၈း၀၀)နာရီမှစတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C)ရှိ ကျင်းပလျက်ရှိရာ နှစ်ယောက်တွဲ အသင်းလိုက်(အမျိုးသား) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ကချင်ပြည်နယ်အသင်းမှ မကွေးတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။

ဆက်လက်၍ နှစ်ယောက်တွဲ အသင်းလိုက်(အမျိုးသား)တတိယလုပွဲ ပွဲစဉ်၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ မကွေးတိုင်းဒေသကြီးအသင်းကို ၂ပွဲ၁ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကချင်ပြည်နယ်အသင်းမှ မွန်ပြည်နယ်အသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့မှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်း အားကစား ဝါသနာရှင်များမှ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိပါသည်။






## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၁၀)ရက်။

၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့ နံနက် (၈း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရှိ ကျင်းပလျက်ရှိရာ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များတွင် ပြည်ထဲရေး ဝန်ကြီးဌာန အသင်းမှ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းမှ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စွမ်းအင်ဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့မှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဘော်လီဘော အားကစား ဝါသနာရှင်များ ကြည့်ရှု အားပေးခဲ့ကြပါသည်။







# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၁၃)ရက်။

၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး)ဘော်လီဘော ပြိုင်ပွဲကို ယနေ့ နံနက် (၈း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပလျက် ရှိရာ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲ ပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်းအသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပြီး အမျိုးသား ပြိုင်ပွဲ ပွဲစဉ်များ၌ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာနအသင်းက မြန်မာ နိုင်ငံတော် ဗဟိုဘဏ်အသင်းကို (၃)ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းက သယံ ဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲ (၁)ပွဲဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိမှုများကို အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဘော်လီ ဘော အားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြပါသည်။







# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၁၄)ရက်။

၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘော ပြိုင်ပွဲကို ယနေ့ နံနက်(၈း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပလျက် ရှိရာ (အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်းအသီးသီးယှဉ်ပြိုင်အနိုင် ရရှိခဲ့ကြပြီး (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ် များ၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်း က နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း ကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာန အသင်းကို(၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန အသင်းက တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနအသင်းကို (၃)ပွဲ (၂)ပွဲဖြင့် လည်းကောင်းအသီးသီးယှဉ်ပြိုင်အနိုင် ရရှိမှုများကို အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် ဘော်လီဘော အားကစားဝါသနာရှင်များ ကြည့်ရှု အားပေးခဲ့ကြပါသည်။







# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းသုံးယောက်တွဲအဖွဲ့လိုက်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများ ဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

● နေပြည်တော်၊ ဇူလိုင်လ(၁၄)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ယနေ့ နံနက်(၈း၀၀)နာရီမှ စတင်၍ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်းအားကစားဝါသနာရှင်များ ဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအသင်းကမွန်ပြည်နယ်အသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။

ဆက်လက်၍ သုံးယောက်တွဲအဖွဲ့လိုက်(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များ ဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက နေပြည်တော်ကောင်စီနယ်မြေအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကိုဆက်လက်ယှဉ်ပြိုင်ကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရောဝတီ







ကြည့်ရှုအားပေးခဲ့ပါသည်။

ယနေ့ သုံးယောက်တွဲအဖွဲ့လိုက် (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီးအသင်းက နေပြည်တော်ကောင်စီနယ်မြေအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်း ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်းအသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပြီး ကွာတားဖိုင်နယ်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့် ကို ကျင်းပရာ ရခိုင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကရှမ်းပြည်နယ်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြပါသည်။



## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၁၅)ရက်။

၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်(၈း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B)ရုံ ၌ ဆက်လက်ကျင်းပလျက်ရှိရာ (အမျိုးသား) ရှုံး/ထွက်ပြိုင်ပွဲ ပွဲစဉ်များတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း ကလျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို (၃)ပွဲ(၂)ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို (၃)ပွဲ (၁)ပွဲဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဘော်လီဘော အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြပါသည်။





## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၁၆)ရက်။

၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲကို ယနေ့ နံနက်(၈း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ဆက်လက်ကျင်းပပြုလုပ်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦးနှင့်ဌာနခွဲများမှညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဘော်လီဘော အားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့နံနက်ပိုင်း၌ ဘော်လီဘော (အမျိုးသမီး) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသား) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို(၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။






# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပနေမှုအား ကြည့်ရှုအားပေး









နေပြည်တော်၊ ဇူလိုင်လ(၁၇)ရက်။

၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘော ပြိုင်ပွဲကို ယနေ့ နံနက်(၈း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ဆက်လက် ကျင်းပ ပြုလုပ်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဘော်လီဘော အားကစားဝါသနာရှင်များ ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ နံနက်ပိုင်း၌ဘော်လီဘော (အမျိုးသား) တတိယလုပွဲ ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းမှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်း ကောင်း၊ ဘော်လီဘော(အမျိုးသမီး) တတိယလုပွဲ ပွဲစဉ်တွင် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း မှ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနအသင်းကို(၃)ပွဲပြတ်ဖြင့် လည်း ကောင်း၊ အသီးသီး ယှဉ်ပြိုင် အနိုင်ရ ရှိခဲ့ကြပါသည်။

# ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ







နေပြည်တော်၊ ဇူလိုင်လ(၁၉)ရက်။

National Fitness ဖြစ်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရန်၊ မြန်မာ့အားကစားလောက တိုးတက် ဖွံ့ဖြိုးစေရန်၊ ထူးချွန်ထက်မြက်သည့် ပိုက်ကျော်ခြင်းမျိုးဆက်သစ်အားကစား သမားများ ပိုမိုပေါ်ထွက်လာစေရန်နှင့် အားကစားသမားများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ပိုက် ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ အောင် မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လူတွေ့စစ်ဆေးခြင်း၊ ပွဲစဉ်ဇယား ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကိုယနေ့နံနက်(၁၀)နာရီ တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင် နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ/နည်းပြ များနှင့် အားကစားသမားများ တက် ရောက်ခဲ့ကြပါသည်။

ဦးစွာဒုတိယဝန်ကြီးဦးမျိုးလှိုင်မှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူ/နည်းပြ များနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ နှုတ်ဆက် ခဲ့ပြီးနောက်ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ အဖွင့်အမှာစကား ပြော ကြားရာတွင် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ စိတ်အပန်းပြေပြီးပျော်ပျော် ရွှင်ရွှင် စည်းစည်းလုံးလုံးနှင့် တက်ကြွ ရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထမ်းဆောင်နိုင်စေရန်အတွက် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားနိုင်ရန် ပြိုင်ပွဲကျင်းပပြုလုပ်မည့် အစီအစဉ်များနှင့် စည်းမျဉ်း/စည်းကမ်း များကို ဝန်ကြီးဌာနများသို့ ကြိုတင်ဖြန့် ဝေပေးထားပြီးဖြစ်သည့်အတွက် သတ် မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်း များအတိုင်း လိုက်နာဆောင်ရွက်ပေး ကြရန်နှင့် ထပ်မံ၍ လူစားလဲလှယ်ခြင်း မပြုလုပ်ကြရန် မှာကြားလိုကြောင်း၊ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲတွင် ယခင်က(၂၇)သင်းသာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး၊ ယခု ဝန်ကြီးဌာန ပေါင်းစုံပြိုင်ပွဲတွင် (၃၂)သင်းအထိ ပိုမို ပါဝင်ယှဉ်ပြိုင်လာကြသည်ကို တွေ့ရှိရ သည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါ ကြောင်း၊ ဆုကြေးငွေများအဖြစ် ပထမ ဆု ကျပ်သိန်း(၃၀)၊ ဒုတိယဆု ကျပ် သိန်း(၂၀)၊ တတိယဆုကျပ်(၁၅)သိန်း နှင့် စတုတ္ထဆု ကျပ်(၁၀)သိန်းတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး အတွက် ဝန်ကြီးဌာနများအနေဖြင့်

စာမျက်နှာ(၅၈)သို့

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲများကျင်းပ

နေပြည်တော်၊ ဇူလိုင်လ(၂၀)ရက်။

၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကို ယနေ့ နံနက်(၉း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပပြုလုပ်ရာ ဌာနဆိုင်ရာအသီးသီးမှ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှဝန်ထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက နေပြည်တော်စည်ပင်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းက နိုင်ငံတော်ဖွံ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသင်းကပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို (၂)ပွဲ ပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။







★

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပဲခူးတိုင်းဒေသကြီးနှင့်ကရင်ပြည်နယ်အတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇူလိုင်လ(၂၂)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်နှင့်တာဝန်ရှိသူများလိုက်ပါလျှက် ယမန်နေ့နံနက် (၁၀း၀၀)နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနသို့ ရောက်ရှိခဲ့ရာ ပွဲကြည့်စင်နှင့်မိုးလုံလေလုံအားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မိုးလုံလေလုံအားကစားရုံအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ခိုငှက်များ မဝင်ရောက်စေရေးအတွက် ခိုငှက်များဝင်ရောက်နိုင်သည့် အပေါက်များကို သံဇကာများဖြင့် ကာရံထားရန်၊ အားကစားလေ့ကျင့်ရာတွင် လေဝင် လေထွက် ကောင်းမွန်စေရေးနှင့် အလင်းရောင်ရရှိစေရေးတို့အတွက်အားကစားရုံများအတွင်း Ventilator များ တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ အားကစားကွင်းပတ်ဝန်းကျင်ရှိ မြက်

>>





စာမျက်နှာ(၅၇) ...မှ စာဆက်

ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ရာ အစည်းအဝေးတက်ရောက်လာကြသူများမှ ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီးနောက် အုပ်စုပွဲစဉ်များ မဲနှိုက်၍ ပွဲစဉ်ဇယားရေးဆွဲခြင်းများပြုလုပ်ခဲ့ပြီး အခမ်းအနားအားရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။














များ၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ထားရန်၊ အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ်သို့ ဆက်လက် ထွက်ခွာခဲ့ပြီး ကရင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့်အတူ ဘားအံမြို့နယ် ပြည်နယ်အားကစားရုံ (ပဒုမ္မာ)သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များအား လမ်းညွှန် မှာကြားခဲ့ပါသည်။ ဆက်လက်ပြီး အောင်သံလွင်အားကစားကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပြေးခုန်ပစ် အားကစားသမား(၁၃)ဦးအား တွေ့ဆုံအားပေးခဲ့ပြီးနောက် အားကစားသမားများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အရာထမ်း/အမှုထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းများ၏ အခက်အခဲများကို တတ်နိုင်သမျှကူညီ၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအောက်တွင် ဦးစီးဌာန(၂)ခုရှိသည့်အတွက် လူငယ်ရေးရာကိစ္စရပ်များကိုလည်း ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များအား သိရှိထားရန် လိုကြောင်း၊ ဝန်ထမ်းများအချင်းချင်းမိသားစုသဖွယ် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြင့် နေထိုင်သွားကြရန်နှင့် မိမိအားပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများ၊ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ပြည်နယ် လူမှုရေး ဝန်ကြီး ဦးစိုးလွင်နှင့်တာဝန်ရှိသူများနှင့်အတူ ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ဇွဲကပင် အားကစားကွင်း၊ ပွဲကြည့်စင်နှင့် အထူးတန်း ပွဲကြည့်စင် တည်ဆောက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ထားသော စံချိန်/စံညွှန်းနှင့်အညီ အရည်အသွေးများ ကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မွန်ပြည်နယ်အတွင်းရှိ အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇူလိုင်လ(၂၃)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် မွန်ပြည်နယ်၊ လူမှုရေးဝန်ကြီး ဦးမြတ်သွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယ ပညာ သိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်၊ မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့ နံနက်(၇)နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရာမည အားကစားကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မန္တလေးရပ်ကွက်၊ ရေကူးကန်ဆောက်လုပ်မည့်မြေနေရာအားလည်းကောင်း၊ မွန်ပြည်နယ် ကျောင်းသားအားကစားကွင်းအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား လမ်းညွှန် မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ်အားကစားဥယျာဉ်စီမံကိန်းတွင် တည်ဆောက်လျက်ရှိသည့် အားကစားကွင်း၊ အားကစားသမားများ အိပ်ဆောင်၊ စားရိပ်သာ၊ စားဖိုဆောင်နှင့်အရာထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် နှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)သို့ဆက်လက်ထွက်ခွာခဲ့ပြီးအားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းမှ ဆရာ/ဆရာမများအား တွေ့ဆုံ၍ အားကစားသမားများအား ပညာရေးတွင် ထူးချွန်ပြီးအောင်ချက် ရာခိုင်နှုန်း မြင့်မားအောင် တွန်းတွန်းတိုက်တိုက်ဖြင့် ကြိုးစား၍ သင်ကြားပြသပေးစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)မှ အရာထမ်း/အမှုထမ်းများနှင့် ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အထက်အောက် အပြန်အလှန် လေးလေးစားစား ပြောဆိုဆက်ဆံရန်နှင့် မိသားစု စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန်လိုကြောင်း၊ အခက်အခဲများရှိပါက တာဝန်ရှိသူများမှ အဆင့်ဆင့်တင်ပြနိုင်ကြောင်းနှင့် တင်ပြလာမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း၍ အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း၊ ကျောင်းစာကြည့်တိုက်သည် အားကစားသမားများအတွက်သာ မဟုတ်ဘဲ ဝန်ထမ်းများမှလည်း အသိပညာ၊ ဗဟုသုတများ တိုးပွား

















အောင် သွားရောက်လေ့လာဖတ်ရှု၍ မိမိတို့၏ ဝမ်းစာများအား အမြဲတမ်းဖြည့်နေရန် လိုကြောင်း၊ ဝန်ကြီးဌာန၏ Website တွင် နေ့စဉ်လုပ်ငန်းဆောင်ရွက်နေမှုများအား ဝင်ရောက်၍ ကြည့်ရှုလေ့လာပြီး မှတ်သားထားကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ ဝန်ထမ်းများ အချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် ပြောဆိုနေထိုင်ဆက်ဆံကြရန် လိုကြောင်း ပြောကြားခဲ့ပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)မှ တည်ခင်းဧည့်ခံ ကျွေးမွေးသည့်အထူးနေ့လယ်စာအားသင်တန်းသား/သင်တန်းသူများနှင့်အတူ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကယားပြည်နယ် အစိုးရအဖွဲ့မှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံး မြို့နယ်များ၊ ကျောင်းများနှင့် ဂုဏ်ထူးရ ထူးချွန်ကျောင်းသား၊ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

ကယား၊ ဇူလိုင်လ(၁၁)ရက်။

ကယားပြည်နယ် အစိုးရအဖွဲ့မှ ၂၀၂၁-၂၀၂၂ပညာသင်နှစ်၊တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြည်နယ်အတွင်းရှိ အောင်ချက်အကောင်းဆုံး မြို့နယ်များ၊ ကျောင်းများနှင့် ဂုဏ်ထူးရ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင်လ (၁၁)ရက်နေ့တွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး မြတ်မင်းမိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဂုဏ်ထူးရ ထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား မိဘများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)မှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ၂ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မအေးမြသူဇာ၊ မကြည်ကြည်ဖွေးတို့ တက်ရောက်၍ ဆုလက်ခံရယူခဲ့ကြပါသည်။

ထိုကဲ့သို့ အောင်မြင်ခဲ့သည့် ဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လွိုင်ကော်)ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးမြတ်မင်းမိုး နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ် ဝန်ကြီးများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။







# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား သွားရောက် ကြည့်ရှုအားပေးခြင်းနှင့် ရန်ကုန်မြို့ရှိအားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး

● ရန်ကုန်၊ ဇူလိုင်လ(၂၃)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်(၇)နာရီအချိန်က ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ ရောက်ရှိရာ အားကစားသမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ အမှာစကားပြောကြား၍ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမျိုးသား/အမျိုးသမီး အိပ်ဆောင်များရှိ အဲယားကွန်းများအား ကောင်းမွန်စေရန် စစ်ဆေးဆောင်ရွက်ပေးရန်နှင့် (၆)ခန်းတွဲ (၄)ထပ်အိပ်ဆောင် တည်ဆောက်မည့် မြေနေရာများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ ရောက်ရှိလာရာ (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ နံနက်စာ စားသုံးနေမှုအား ကြည့်ရှုပြီး၊ အမျိုးသား/အမျိုးသမီး အိပ်ဆောင်များရှိ မျက်နှာကျက်များ ပျက်စီးနေမှု၊ ပြေးခုန်ပစ်အားကစားသမားများ၊ မျက်မမြင် ဂိုးဘောအားကစားသမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနည်းပြ၊ အားကစားသမားများနှင့် တွေ့ဆုံ၍ ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့ အစွမ်းကုန် ကြိုးစားခဲ့ကြရန်နှင့် ဆုတံဆိပ်များ ရရှိပါက နိုင်ငံတော်မှ ဂုဏ်ပြုဆုကြေးငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့် ပေးသွားမည်ဖြစ်ပြီးနောက် GYM အားကစားခန်းမတွင် လေ့ကျင့်နေသောအလေးမအားကစားသမားများနှင့် ထိုင်လျက်ဘော်လီဘော အားကစား လေ့ကျင့်နေမှုများအား သွားရောက် ကြည့်ရှုအားပေးပြီး၊ ကြောင်း၊ ကျန်းမာရေးအထူးဂရုစိုက်ရန်နှင့် COVID-19 ရောဂါ ကင်းဝေးအောင် စနစ်တကျ နေထိုင်၊ စားသောက်ရန်လည်း လိုအပ်ကြောင်း မှာကြားခဲ့ပါသည်။ ထို့နောက် ဒဂုံမြောက်











ရေကူးကန်သို့ ရောက်ရှိပြီး ရေကူးကန်ရှေ့တွင် တည်ဆောက်မည့် (၁၂၀ပေ× ၄၀ပေ)အမိုးပါ အထူးတန်း နှစ်ထပ်ပွဲကြည့်စင် တည်ဆောက်ရန် မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းအင်အား လိုအပ်ချက်တင်ပြမှုအား ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ တောင်ဥက္ကလာပရှိ ပဒေသာအားကစားကွင်းသို့ ရောက်ရှိပြီး ပြေးခုန်ပစ် Systhetic ပြေးလမ်းဖောက်လုပ်ပြီးစီးမှုအား ကြည့်ရှုပြီး၊ (၁၅၀ပေ×၆၀ပေ)ရှိ ဘောလုံးကွင်း အထူးတန်း ပွဲကြည့်စင် တည်ဆောက်

>>












မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ယင်းနောက် ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ ရောက်ရှိရာ အမျိုးသား ရေကူးကန်နှစ်ထပ်ပွဲကြည့်စင် တည်ဆောက်မည့် မြေနေရာများ၊ တည်ဆောက်ရာတွင် ပါရှိမည့် အဝတ်လဲခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ ပွဲကြည့်စင်ရှိ VIP ထိုင်ခုံများ၊ ပရိသတ်ထိုင်ခုံများ တည်ဆောက်ရန်တို့အား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ရုံးပေါင်းတွင် ကျင်းပပြုလုပ်သည့် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ ဌာနစိတ်အသီးသီး၏ဝန်ထမ်းအင်အားစာရင်းများကို တင်ပြပြီးနောက် ဒုတိယဝန်ကြီးမှ အမှာစကားပြောကြားရာတွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများရှိ ကျောင်းသား/ကျောင်းသူများ ပညာရေး၊ ကျန်းမာရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ၌ ကြံ့ခိုင်ကောင်းမွန်ကြစေရန် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းများ၌ လုပ်ကိုင်ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်သုံးသပ်ဆုံးဖြတ် ဆောင်ရွက်တတ်စေရန် လိုအပ်ပါကြောင်း၊ ဆရာ/ဆရာမများအနေဖြင့်လည်း ပညာရေးပိုင်း၌ လိုအပ်ချက်များ ရှိပါက တင်ပြရန် လိုအပ်ပြီး မိမိကျောင်းကောင်းမွန်အောင် မိမိကိုယ်တိုင် ပါဝင်ဆောင်ရွက်မှ အောင်မြင်မှာဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးနှင့်အားကစားကဏ္ဍများတွင် များစွာပံ့ပိုး ပေးလျှက်ရှိသည့်အတွက် မိမိတို့အနေဖြင့်လည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားကစားလောကအောင်မြင်မှုရရှိရန်အတွက် ကြိုးစားဆောင်ရွက်ကြရန်နှင့်နည်းပြများ အနေဖြင့်လည်း မိမိသက်ဆိုင်ရာ အားကစားနည်းများ၌ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရန်၊ ပြောင်းလဲနေသောနည်းစနစ်များ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်အောင် လေ့လာကြရန်နှင့် နည်းစနစ်မှန်မှန် သင်ကြားပို့ချပေးရန် ကျောင်းသူ/ကျောင်းသားများအနေဖြင့်လည်း စည်းကမ်းရှိပြီး၊ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးစားကြရန်လိုအပ်ပါကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ ထူးချွန်ကျောင်းသား အားကစားသမားများ ပေါ်ထွက်လာစေရန် အားကစားနှင့်ကာယပညာသိပ္ပံရှိ အရာထမ်းများ၊ အမှုထမ်းများအားလုံး ကြိုးစား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လိုအပ်ချက်များရှိပါက မှန်မှန်ကန်ကန် တင်ပြပေးရန်ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်က အမှာစကားပြောကြားရာတွင် မိမိသည် အားကစားလောကကို အောင်မြင်စေလိုပါကြောင်း၊ အားကစားကဏ္ဍများတွင်လည်း တတ်နိုင်သမျှ အစွမ်းကုန်ပါဝင်ကူညီ ဆောင်ရွက်ပေးမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းတည်ရှိခြင်းကို များစွာ ဂုဏ်ယူပါကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းမှကျောင်းသား/ကျောင်းသူများ ပညာရေးမြင့်မားစေရန်အတွက် ပညာရေးဌာနမှ ပါမောက္ခများ ဖိတ်ခေါ်၍ ဆွေးနွေးပွဲများ ဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး၊ ကျောင်းသား/ကျောင်းသူများ စိတ်ပျော်ရွှင်အပန်းပြေစေရန်အတွက် ပျော်ပွဲရွှင်ပွဲများ၊ အကျွေးအမွေးများ ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အားကစားသမားကျောင်းသား/ကျောင်းသူများအား စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဘက်စုံထူးချွန်ပြီး နိုင်ငံတော်အတွက် အားထားရသည့် လူငယ်များဖြစ်စေလိုကြောင်း၊ အလားတူ အားကစားအရာရှိများက

စာမျက်နှာ(၆၄)သို့

စာမျက်နှာ(၆၃) ···မှစာဆက်

လည်း မိမိသက်ဆိုင်ရာ အားကစားနည်းများ၌ အောင်မြင်မှုရရှိအောင် ကြိုးစား ဆောင်ရွက်ကြရန် ပြောကြားပြီး (၉)လစာအတွက် ငွေကျပ်(၅၄)သိန်း လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ပေးအပ်ခဲ့ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူများနှင့် နေ့လယ်စာ အတူစားသုံးခဲ့ပါ ဘောလုံးအသင်းအား တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်ချက်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် အားကစားနှင့်ကာယ










နောက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်လလျှင် ဆန်(၁၀)အိတ် (၆)သိန်းနှုန်းဖြင့် ဦးဌေးအောင်က ပေးအပ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်သည်။

ဆက်လက်၍ ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ISPE ပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူများ၏ အခြေခံစစ်ရေးပြလေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

နေပြည်တော်၊ ဇူလိုင်လ(၂၅)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ(၃း၃၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း အမှတ်(၁)နှင့်(၃)၌ဆက်လက်ကျင်းပပြုလုပ်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ပထမအဆင့်အုပ်စု ပတ်လည် ပြိုင်ပွဲ ပွဲစဉ်များတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း ကွင်းအမှတ်(၁)၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်(၂)ဂိုးစီ သရေထွက်ပေါ်ခဲ့ပြီးဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း အမှတ်(၃)၌ ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာမကွေးတိုင်းဒေသကြီးအသင်းမှ ချင်းပြည်နယ်အသင်းကို (၆)ဂိုး(၂)ဂိုးဖြင့် အနိုင်ရရှိခဲ့ပါသည်။





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇူလိုင်လ(၂၄)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်(၈)နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ အားကစားဥယျာဉ်စီမံကိန်းရှိ မိုးလုံလေလုံ အားနောက် ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့ပြီး လိုအပ်ကစားရုံတွင် လေ့ကျင့်လျက်ရှိသော စားပွဲတင်တင်းနစ်အားကစားသမားများနှင့်ဘတ်စကက်ဘောအားကစားသမားများ၏လေ့ကျင့်ကစားနေမှုများအား








ဦးခင်မောင်တင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်ကစားရုံ၊ အနောက်ဘက်တွင် အထူးတန်းပွဲကြည့်စင်နှင့်အရှေ့ဘက်တွင်ရိုးရိုးပွဲကြည့်စင် တည်ဆောက်မည့်နေရာ၌ မြေသန့်ပန္နက်ရိုက်မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ပန္နက်ရိုက်ခဲ့ပြီးသည်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး တိုင်းရုံးအနောက်ဘက်ရှိ မိုးလုံလေလုံ အားကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း တတိယဆုရရှိ

ရန်ကုန်၊ ဇူလိုင်လ(၁၇/၁၉)ရက်။

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ၏ တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယနေ့ ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ တတိယဆုရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် အရေးနိမ့်ခဲ့သည့်နာမည်ကြီး ဗီယက်နမ်အသင်းကို အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရကာ တတိယဆုရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့သော်လည်း ဗီယက်နမ်ကိုအနိုင်ရပြီး တတိယရခဲ့သဖြင့် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ဒေါ်သက်သက်ဝင်းစသည့် အုပ်ချုပ်/နည်းပြ အဖွဲ့ဝင်များ၏ စွမ်းဆောင်မှု၊

စာမျက်နှာ(၆၆)သို့





# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ



● နေပြည်တော်၊ ဇူလိုင်လ(၂၆)ရက်။

မြန်မာ့ဘောလုံး အားကစား လောကအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေရန်နှင့်မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် (အမျိုးသား) ဘောလုံး ပြိုင်ပွဲကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း အမှတ်(၁)နှင့်(၃)၌ ဆက်လက်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ညနေ(၃း၃၀)နာရီတွင်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်



ဦးထွန်းမြင့်ဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ မွန်ပြည်နယ်အသင်းနှင့်ရေှာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မွန်ပြည်နယ်အသင်းမှ ရေှာဝတီတိုင်းဒေသကြီးအသင်းကို (၃)ဂိုး ဂိုး(မရှိ)ရလဒ်ဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကချင်ပြည်နယ်အသင်းနှင့်ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်(၃)ဂိုးစီဖြင့်လည်းကောင်းအသီးသီး အနိုင်ရရှိခဲ့ပါသည်။

(၂၇-၇-၂၀၂၂)ရက်နေ့တွင် ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ညနေ(၃း၃၀)နာရီ အချိန်တွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်း၊ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိပါသည်။

---

စာမျက်နှာ(၆၅)မှ စာဆက်

ကစားသမားများ၏ ကြိုးစားအားထုတ်မှုတို့ကို အသိအမှတ်ပြုရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲတွင် ပွဲထွက် လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး မေဇင်နွယ်(ဂိုး)၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ချစ်ချစ်၊ နော်ထက်ထက်ဝေ၊ နန်းဇူးဇူးထက်၊ ပုံ့ပုံ့ပြည့်မောင်၊ ဝင့်သီရိထွန်း၊ စန်းသော်သော်၊ ခင်မာလာထွန်း၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲ ထွက်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံးက တိုက်စစ်ဖွင့် ကစားခဲ့ပြီး (၁၀)မိနစ်အတွင်း စန်းသော်သော်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် မြန်မာအသင်းသည် ခံစစ်ပိုင်းအမှားများရှိခဲ့သဖြင့် ပထမပိုင်းမှာပင် နှစ်ဂိုးပြန်ပေး



ခဲ့ရသည်။ ၂၄း၄၁ မိနစ်တွင် ဗီယက်နမ်အသင်းမှ တိုက်စစ်မှူး ဟူယင်နျူက နှစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဗီယက်နမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ခြေပဂိုးပြန်ရရန် ကြိုးပမ်းလာပြီး ၅၈ မိနစ်တွင် စန်းသော်သော်က ခြေပဂိုးပြန်သွင်းခဲ့သည်။ သို့သော် မြန်မာဂိုးသမားနှင့်နောက်ခံလူတို့ နားလည်မှုလွဲသည်ကို အခွင့်ကောင်းယူကာ ၈၂ မိနစ်တွင် ဖန်ဟိုင်ယန်က ဗီယက်နမ်အသင်းအတွက် တတိယဂိုးသွင်းယူခဲ့သည်။ သို့သော် မြန်မာအသင်း၏ ၈၄ မိနစ်တွင် လင်းမြင့်မိုရ်က ခြေပဂိုး၊ (၈၈)မိနစ်တွင် စန်းသော်သော်က အနိုင်ဂိုးသွင်းယူခဲ့သဖြင့် မြန်မာအသင်းအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ စန်းသော်သော်သည် ဒဏ်ရာကြောင့် ဆီးဂိမ်းပြိုင်ပွဲ လွဲချော်ခဲ့သော်လည်း ယခုပွဲတွင် ဟက်ထရစ်သွင်းယူကာ မြန်မာအသင်းကို တတိယရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

တတိယဆုရ မြန်မာအမျိုးသမီးအသင်းသည် ၁၉-၇-၂၀၂၂ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီဝင်များ၊ အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် U-19 နှင့် U-16 အမျိုးသမီးအသင်းများနှင့် မိသားစုဝင်များက ကြိုဆိုခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲများဆက်လက်ကျင်းပ

နေပြည်တော်၊ ဇူလိုင်လ(၂၆)ရက်။

၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကို ယနေ့ နံနက်(၉း၀၀)နာရီမှ စတင်၍







နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ဆက်လက်ကျင်းပ ပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ပိုက်ကျော်ခြင်း(အမျိုးသား) ပထမအဆင့်ရှုံး/ထွက်ပြိုင်ပွဲ ပွဲစဉ်များတွင်ကာကွယ်ရေးဝန်ကြီးဌာနအသင်း



က အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက နေပြည်တော်စည်ပင်အသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာនအသင်းကို(၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော်၊ ဇူလိုင်လ(၂၇)ရက်။

၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကို ယနေ့ နံနက်(၉း၀၀)နာရီမှ စတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ပိုက်ကျော်ခြင်း(အမျိုးသား) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စက်မှုဝန်ကြီးဌာနအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်းအသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြောင်း သိရှိရပါသည်။ ■







## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

● နေပြည်တော်၊ ဇူလိုင်လ(၂၈)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ







လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့၌ ဆက်လက်ကျင်းပပြုလုပ်လျက်ရှိရာ အားကစားနှင့် တာဝန်ရှိသူများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ယနေ့ နံနက်(၇)နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ပဲခူးတိုင်းဒေသကြီးအသင်းနှင့်မကွေးတိုင်းဒေသကြီးအသင်းတို့ တစ်ဖက်(၂)ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ မွန်းလွဲ (၃)နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို(၈)ဂိုး(၁)ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၄)ဂိုး(၂)ဂိုးဖြင့်လည်းကောင်းအသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်းသိရှိရသည်။

---

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

● နေပြည်တော်၊ ဇူလိုင်လ(၃၀)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ နံနက်(၇)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့၌ ဆက်လက်ကျင်းပ ပြုလုပ်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ နံနက်(၇)နာရီခွဲတွင် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကရင်ပြည်နယ်အသင်းမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၂)ဂိုး(၁)ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ မန္တလေးတိုင်းဒေသကြီးအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၅)ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပါသည်။

မွန်းလွဲ(၃)နာရီခွဲတွင် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကချင်ပြည်နယ်အသင်းမှ စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၅)ဂိုး(၁)ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ မွန်ပြည်နယ်အသင်းမှ ပဲခူးတိုင်းဒေသကြီးအသင်းကို (၃)ဂိုး(၂)ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရှိရပါသည်။ ■





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ဝန်ထမ်းများနေထိုင်ရာ ဇမ္ဗူသီရိမြို့နယ်ရှိ (လူပျိုဆောင်/အပျိုဆောင်)များအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇူလိုင်လ(၁၀)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာဦးစီးဌာန(ကွင်း/ရုံ)ဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်စိုးမိုးတို့ လိုက်ပါလျက် ယနေ့ နံနက်(၁၀)နာရီအချိန်တွင် နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနေထိုင်ရာ ဇမ္ဗူသီရိမြို့နယ်ရှိ (လူပျိုဆောင်/အပျိုဆောင်)များသို့ လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဦးစွာဇမ္ဗူသီရိမြို့နယ်၊ သဇင်(၂)အဆောင်(၃)အပျိုဆောင်သို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ အခန်း(၂)ခန်းစီအတွက် ဘောစင်နှင့်ချက်ပြုတ်သည့်စင်(၁)ခုစီထားရှိပေးနိုင်ရေး၊ မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မီးကြိုးများ ဘရေကာ(မီးဘုတ်)များအား စနစ်တကျသွယ်တန်းတပ်ဆင်ပေးရန်၊ လုံခြုံမှုရှိစေရန်အတွက် အဝင်သံပန်းတံခါးနှင့် အခန်းရှေ့ သံပန်းတံခါးများအား အကာအရံများ ကာရံပြုပြင်တပ်ဆင်ပေးသွားရန်နှင့် အိပ်ဆောင်များတွင် မီးသတ်ဆေးဘူးများ တပ်ဆင်ပေးသွားရန်၊ အဆောင်ပတ်လည်သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် မြက်များဖြတ်ထားရန်နှင့် ရေချိုးခန်း၊ အိမ်သာများအား သန့်ရှင်းမှုရှိအောင် အမြဲတမ်းသန့်ရှင်းရေးဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်၊ သဇင်(၆)အဆောင်(၇) အပျိုဆောင်သို့ လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ရာ အိမ်သာ၊ ရေချိုးခန်းအတွင်းရှိ ရေပိုက်များ ရေယိုစိမ့်နေမှုများပြုပြင်ပေးသွားရန်၊ ဘောစင်နှင့်ချက်ပြုတ်သည့်စင်များ ပျက်စီးနေမှုများအား ပြုပြင်ပေးသွားရန်၊ မိလ္လာကန်အနံ့ထွက်ခြင်းများအားပြုပြင်ပေးရန်နှင့် မိလ္လာကန်ဆယ်ခြင်းများပြုလုပ်ပေးသွားရန်၊ နေရောင်ခြည် ကာကွယ်ပေးနိုင်ပြီး အရိပ်ရရှိစေရန်အတွက် နေကာ၊ ဝါးယင်းလိပ်များအား အသစ်ပြန်လည်တပ်ဆင်ပေးသွားရန် လိုအပ်ကြောင်း တာဝန်ရှိသူများအား လမ်းညွှန် မှာကြားခဲ့ပြီးနောက် သဇင်(၆)အဆောင်(၆) အပျိုဆောင်အား ဆက်လက် ကြည့်ရှုစစ်ဆေးခဲ့ရာ ရေမော်တာရေစိမ့်နေမှုများ ပြုပြင်ဆောင်ရွက်ပေးသွားရန်၊ အိပ်ဆောင် ပတ်လည်တွင် လုံခြုံရေးမီးလုံးများ တပ်ဆင်ပေးသွားရန်၊ အိပ်ဆောင်များအတွက် သန့်ရှင်းရေးသုံးပစ္စည်းများ ထုတ်ပေးနိုင်ရေးစီစဉ်ဆောင်ရွက်သွားရန်နှင့် မီးသတ်ဆေးဘူးများကို အိပ်ဆောင်တိုင်းတွင် တပ်ဆင်ပေးသွားရန် လိုအပ်ကြောင်း တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက်ဇမ္ဗူသီရိမြို့နယ်၊ သပြေ(၄) အဆောင်(၅) လူပျိုဆောင်အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ ချက်ပြုတ်ဆေးကြောရာတွင် အဆင်ပြေစေရေးအတွက် ဘောစင်တွဲလျက်ပစ္စည်းတင်စင်အား (၂)ခန်းလျှင်(၁)ခုစီ ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ ရေချိုးရာတွင် အဆင်ပြေစေရေးအတွက် ရေကန်ပတ်လည်အမိုးများ၊ ဘေးကာများ ပြန်လည် ကာရန်တပ်ဆင်ပေးသွားရန်နှင့် ဝန်ထမ်းများအား မိမိနေထိုင်သည့် အိပ်ဆောင်ပတ်ဝန်းကျင် အတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုရှိအောင် အမြဲတမ်း ပြုလုပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ကိုယ်ရည်သန့်ရှင်းမှုရှိအောင် နေထိုင်မှသာ ကျန်းမာရေး ကောင်းမွန်မည်ဖြစ်ကြောင်း အိပ်ဆောင်များအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။













# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ရုံးအုပ်နှင့်ဒု-ဦးစီးမှူး(လစာနှုန်းတူ)ရာထူးတိုး ရေးဖြေစာမေးပွဲ ဖြေဆိုနေမှုများအား ကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇူလိုင်လ(၆)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် လစ်လပ်





လျက်ရှိသော ရုံးအုပ်နှင့်အဆင့်တူ ရာထူး လစာနှုန်းကျပ် (၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀)နှင့် ပစ္စည်းထိန်း(၂)/စာရင်းကိုင်(၂)/ အငယ်တန်း အင်ဂျင်နီယာ(၂)/ ဒု-ကြီးကြပ်ရေးမှူး လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားရန်အတွက် သတ်မှတ် အရည်အချင်းနှင့် ကိုက်ညီသူများအား ယနေ့ နံနက် (၉:၃၀)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ (Gold Medal Hall)၌ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း ပြုလုပ်ဆောင်ရွက်နေမှုများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊





အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသောဦးကျော်ဦး၊ ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အဆိုပါ ရေးဖြေစာမေးပွဲတွင် ဖြေဆိုအောင်မြင်သူများကို (၇-၇-၂၀၂၂)ရက်နေ့ နံနက်(၉:၀၀)နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (အပေါ်ထပ်) အစည်းအဝေးခန်းမ၌ လူတွေ့အရည်အချင်း စစ်ဆေးခြင်းများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ (ရုံးအုပ်၊ ဒု-ဦးစီးမှူး)အဆင့်တူရာထူးတိုး နေရာများသို့ လူတွေ့အရည်အချင်းစစ်ဆေး

နေပြည်တော်၊ ဇူလိုင်လ(၇)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့်အဖွဲ့သည် ယနေ့နံနက်(၉:၀၀)နာရီတွင်နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း(အပေါ်ထပ်)၊ အစည်းအဝေးခန်းမ၌ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် လစ်လပ်လျက်ရှိသော ရုံးအုပ်နှင့်အဆင့်တူ ရာထူးလစာနှုန်းကျပ်(၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀)နှင့်ပစ္စည်းထိန်း(၂)/စာရင်းကိုင်(၂)/ အငယ်တန်းအင်ဂျင်နီယာ(၂)/ဒု-ကြီးကြပ်ရေးမှူး လစာနှုန်း ကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများသို့တိုးမြှင့်ခန့်ထားရန်အတွက် ရေးဖြေစာမေးပွဲတွင် ဖြေဆိုအောင်မြင်သူများကိုလူတွေ့အရည်အချင်းစစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ ■





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း လူငယ်ပရဟိတဂေဟာများမှ လူငယ်များ၏လေ့လာရေးအစီအစဉ် ဆောင်ရွက်သည့်အခမ်းအနားသို့ တက်ရောက်

နေပြည်တော်၊ ဇူလိုင်လ(၁၆)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီး ဌာနသည် လူငယ်များဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် အဓိကဗဟိုချက်ဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို လူငယ်များ သိရှိနားလည်စေရန်၊ ပတ်ဝန်းကျင်ဒေသန္တရဇဟာသုတများ တိုးပွားလာစေရန်၊ အဖွဲ့အစည်း စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ လူငယ်အချင်းချင်း အတွေ့အကြုံဗဟုသုတများဖလှယ်နိုင်စေရန်၊လူငယ်အချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့်စေတနာ့ဝန်ထမ်းရေးဆောင်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နေသည့် လူငယ်ပရဟိတဂေဟာများမှ လူငယ်များကို ဖိတ်ကြား၍ လေ့လာရေးအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့နံနက်(၈း၀၀)နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပ ပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ၊ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်)နှင့် အဝိရောင် မျိုးဆက်သစ်ပရဟိတအသင်း(YGW)တို့မှ အုပ်ချုပ်သူ(၉)ဦးနှင့် ကျောင်းသား/ကျောင်းသူ (၆၀)ဦး တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းမှ အဖွင့်အမှာစကား ပြောကြားရာတွင် လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သောကြီးမားသည့် လူ့စွမ်းအား အရင်းအမြစ်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထူးခြားသော အင်အားစုတစ်ရပ်ဖြစ်ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှချမှတ်ပေးထားသော မူဝါဒ(၇)ရပ်၊ ရည်မှန်းချက်(၇)ရပ်၊ လုပ်ငန်းစဉ်(၁၀)ရပ်တို့နှင့်အညီလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုး၊ လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးလာစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်များရှင်သန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက်နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကိုကျင်းပပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် နည်းပညာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးဆောင်ဝန်ကြီးဌာနများအဖြစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှတာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍများဖြစ်သည့် ပညာရေးနှင့်ကျန်းမာရေး၊ မူးယစ်ဆေးနှင့်အခြားဘေးဖြစ်စေတတ်သည့်အန္တရာယ်၊ အားကစားနှင့်အပန်းဖြေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့်နည်းပညာ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေး၊ ကျား/မ ညီမျှမှု၊ လူ့အခွင့်အရေး၊ နိုင်ငံတကာဆက်ဆံရေးစသည့်အဓိကအခန်းကဏ္ဍကြီး(၁၆)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "လူငယ့်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့" ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူများကို အကျိုးပြုနိုင်မည့်နိုင်ငံ့သားကောင်းလူငယ်များ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းပြောကြားခဲ့ပါသည်။

ယင်းနောက် မူလတန်းပြဆရာဦးချစ်ဦးမှ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်)မှ လူငယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် မူလတန်းပြဆရာမဒေါ်မြဖူးငုံမှ အဝိရောင် မျိုးဆက်သစ်ပရဟိတအသင်း(YGW)မှ လူငယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ဆက်လက်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှသင်တန်း

စာမျက်နှာ(၇၂)သို့








# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားသရုပ်ပြပွဲ အခမ်းအနားကျင်းပ

နေပြည်တော်၊ ဇူလိုင်လ(၂၀)ရက်။

ကျောင်းသား/ကျောင်းသူလူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်








စေရန်နှင့် ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများ ကြွယ်ဝစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လမ်းညွှန်မှုဖြင့် လူငယ်ရေးရာဦးစီးဌာန နှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော် အားကစားနှင့်ကာယပညာဦးစီးဌာန တို့ပူးပေါင်း၍ယနေ့မွန်းလွဲ(၂)နာရီတွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ-ထ-က(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ရာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးနှင့်တာဝန်ရှိသူများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ(၁၁၆၅)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းမှ ကျောင်းသား/ကျောင်းသူများကိုလူငယ်ရေးရာ သမိုင်းကြောင်းများ၊ ဖွဲ့စည်း ဆောင်ရွက်နေမှုအခြေအနေ၊ လူငယ်ရေးရာကဏ္ဍ(၁၆)ရပ်၊ လူငယ်ရေးရာဌာန၏ ဖွဲ့စည်းပုံများ၊ လူငယ်များ၏ အောင်မြင်မှုများ၊ လူငယ်ဆိုင်ရာကဏ္ဍများ၊ လုပ်ငန်းစဉ်များ၊ မူဝါဒများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်များ၏

>>

စာမျက်နှာ(၇၁) ...မှစာဆက်

သား/သင်တန်းသူများ၏ တစ်နေ့တာ လှုပ်ရှားမှု ဗီဒီယို မှတ်တမ်းများကို လူငယ်များအား ပြသခဲ့ပြီးနောက် လူငယ်ရေးရာဦးစီးဌာန ဝန်ထမ်းလူငယ်များမှဦးဆောင်၍ လူငယ်ပရဟိတ ဂေဟာများမှ လူငယ်များအား အဖွဲ့များခွဲ၍ စုပေါင်းဂိမ်းကစားခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။

ထို့နောက် လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းလူငယ်များမှဦးဆောင်၍ ကျောင်းသား/ကျောင်းသူများအား အဖွဲ့များခွဲပြီး ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပပြုလုပ်လျက်ရှိသည့်




ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီးနောက် ဝဏ္ဏသိဒ္ဓိ ရေကူးကန်တွင် အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲမှ သရုပ်ပြရေကူး အားကစားသမားများ၏ ရေကူးသရုပ်ပြကစားနေမှုအားလည်းကောင်း၊ နေပြည်တော် မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းရှိ အားကစားပြတိုက်နှင့်ပြခန်းများအား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။

ဆက်လက်ပြီး ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုလေ့လာခဲ့ပြီးနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ တည်ခင်း ဧည့်ခံသည့် နေ့လယ်စာ သုံးဆောင်၍ လေ့လာရေးအစီအစဉ်များအား ပျော်ရွှင်စွာ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

● နေပြည်တော်၊ ဇူလိုင်လ(၂၁)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်းအမှတ်(၁)နှင့်(၃)၌ ဆက်လက်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ညနေ(၃း၃၀)နာရီတွင်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း ကွင်းအမှတ်(၁)၌ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းမှ တနင်္သာရီတိုင်းဒေသကြီးအသင်းကို (၁)ဂိုး၊ ဂိုး(မရှိ)ဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်းအမှတ်(၃)၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းမှ ချင်းပြည်နယ်အသင်းကို (၄)ဂိုး၊(၁)ဂိုးဖြင့်လည်းကောင်းအသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပါသည်။





---

>>

ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန် ဖွံ့ဖြိုးလာစေရန် အတွက် လူငယ်ရေးရာဦးစီးဌာန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ရေးရာဦးစီးဌာန ၏ "လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ ဂုဏ်ရောင် အလင်းဆောင်အံ့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်း လူရည်ချွန်လေးများ၊ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း၊ တကယ်ဖြစ်ချင်လျှင် တကယ်လုပ်ပါမှ မိမိတို့၏ ရည်မှန်းချက်များကို အမှန်တကယ် အကောင်အထည်ဖော်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးသက်လွင်ဦးနှင့် လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးဝင်းငွေး တို့မှ မိတ်ဆက်စကားပြောကြားခဲ့ပြီး နောက် "လူငယ်နှင့်ခေါင်းဆောင်မှု" ခေါင်းစဉ်ဖြင့်လူငယ်များအားခေါင်းဆောင်ကောင်းများဖြစ်အောင်၊ ဗဟုသုတများ ရရှိတိုးပွားအောင်၊ ခေါင်းဆောင်ကောင်းများ၏ အရည်အသွေးများ၊ အရည်အချင်းများအားသိရှိပြီး ကိုယ်တိုင်လိုက်နာကျင့်သုံးနိုင်အောင်ခေါင်းဆောင်မှု ပညာရပ်များနှင့်ပတ်သက်ပြီး ဟောပြောပို့ချခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။



ထို့နောက် ဇေယျာသီရိမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူလေးများမှ Physical Fitness Dance ဖြင့် သရုပ်ပြခဲ့ကြပြီးနောက် နေပြည်တော် ခြင်းလုံးဆပ်ကော်မတီ ခြင်းလုံးအဖွဲ့မှ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းဖြင့် သရုပ်ပြကစားခဲ့ကြရာ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းမှ သရုပ်ပြအဖွဲ့များအား တစ်ဖွဲ့လျှင်ကျပ်(၅)သောင်းစီ ထောက်ပံ့ ပေးအပ်ခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား/ကျောင်းသူများအား လူငယ်ရေးရာဦးစီးဌာန၏ လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကာ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ပညာအားကစား ပေါင်းစပ်ထား ၊ စွမ်းရည်မြင့်မား နိုင်ငံ့အား













နောက်ကျောဖုံးသတင်း …မှ စာဆက်

တွင် ရေဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။

ပြိုင်ပွဲများအပြီးတွင်ဆုချီးမြှင့်ခြင်း အခမ်းအနားအား ဆက်လက် ကျင်းပပြုလုပ်ရာ အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်မှလည်းကောင်း၊ ဒုတိယဆု ရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစောထွန်းအောင်မြင့်မှလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံမှလည်းကောင်း၊ ဒုတိယဆုရရှိသော မွန်ပြည်နယ်အသင်းနှင့် တတိယဆုရရှိသော ရေဝတီတိုင်းဒေသကြီးအသင်းကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ သက်သက်ခိုင် မှ လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆု ရရှိသော နေပြည်တော်ကောင်စီနယ်မြေအသင်း၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့်တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းတို့အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံး(၂) ပြည်ထောင်စု ဝန်ကြီး ဦးချစ်နိုင်မှလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ပထမဆုရရှိသည့် နေပြည်တော်ကောင်စီနယ်မြေအသင်းကိုနေပြည်တော်ကောင်စီမှ ထပ်မံဂုဏ်ပြုချီးမြှင့်ငွေ ငွေသားဆုကျပ် (၁၁)သိန်းအား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်ပြီး အမျိုးသား နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော မွန်ပြည်နယ်အသင်းနှင့် တတိယဆုရရှိသော နေပြည်တော်ကောင်စီနယ်မြေအသင်းတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းမှလည်းကောင်း၊ အမျိုးသား သုံးယောက်













တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆု ရရှိသော စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ ဒုတိယဆု ရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆု ရရှိသော နေပြည်တော်ကောင်စီနယ်မြေအသင်းတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒေါက်တာဗညားအောင်မိုး မှ လည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသောရောဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆု ရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းတို့အား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်




ဦးစိုင်းလုံးဆိုင်မှလည်းကောင်း ဆုတံဆိပ်နှင့်ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ထို့နောက် ရွှေ(၂)ခု၊ ငွေ(၁)ခုဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်း ရရှိသွားသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာမှလည်းကောင်း၊ ရွှေ(၁)ခု၊ ငွေ(၁)ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဒိုင်း ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်မှလည်းကောင်း၊ ရွှေ(၂)ခု၊ ငွေ(၁)ခုဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်း ရရှိသွားသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်မှလည်းကောင်း တံခွန်စိုက်ဒိုင်းဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသွားသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ထပ်မံဂုဏ်ပြု ချီးမြှင့်ငွေ ငွေသားဆု ကျပ်(၇၅)သိန်းအားပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားတက်ရောက်




● နေပြည်တော်၊ ဇူလိုင်လ(၁၅)ရက်။

အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေ(၃း၀၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရှိ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုး နှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးချစ်နိုင်၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာငွေးအောင် နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ ဌာနခွဲများမှ ဝန်ထမ်းများ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့နံနက်ပိုင်း၌ သုံးယောက်တွဲအဖွဲ့လိုက်(အမျိုးသား)ဆီမီးဖိုင်နယ် ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက နေပြည်တော်ကောင်စီနယ်မြေအသင်းကို (၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် နေပြည်တော်ကောင်စီ နယ်မြေအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို(၂)ပွဲ(၁)ပွဲဖြင့်လည်းကောင်း၊

သုံးယောက်တွဲ အဖွဲ့လိုက်(အမျိုးသမီး)ဆီမီးဖိုင်နယ် ပွဲစဉ်များတွင်ရေဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။

ဆက်လက်ပြီး ညနေပိုင်းတွင် သုံးယောက်တွဲအဖွဲ့လိုက်(အမျိုးသား)ပြိုင်ပွဲဗိုလ်လု ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၂)ပွဲ(၁)ပွဲဖြင့် လည်းကောင်း၊ သုံးယောက်တွဲ အဖွဲ့လိုက်(အမျိုးသမီး)ပြိုင်ပွဲဗိုလ်လုပွဲစဉ်

စာမျက်နှာ(၇၄)သို့